# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် ကြာသပတေးနေ့။ Thursday, 26 March 2026 ၁၂၁၃၃


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်

**နေပြည်တော် မတ် ၂၅**

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

**လေ့ကျင့်ဆောင်ရွက်**

စစ်ရေးပြလေ့ကျင့်မှုတွင် လေအိတ်ပုလွေတပ်စု၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ ဂုဏ်ပြုမြင်းစီးတပ်ခွဲ၊ ယန္တရားစစ်ကြောင်းများ၊ စစ်ကြောင်း ခုနစ်ကြောင်းမှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များသည် စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းကြီးသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ




ငမိုးရိပ်ရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့မှ နွေစပါးစိုက်ခင်းများနှင့် ရန်ကုန်မြို့သောက်သုံးရေအတွက် ပေးဝေလျက်ရှိ — စာမျက်နှာ ၈

STAR FM Radio ထုတ်လွှင့်မှု (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ — စာမျက်နှာ ၅

ဂုဏ်ပြုထိုက်သော တပ်မတော်နေ့ — ဆောင်းပါး စာမျက်နှာ ၆

သဘာဝတရားကြီး၏ တန်ဖိုးကို သိရှိနားလည်ကြပါ ... — ဆောင်းပါး စာမျက်နှာ ၁၁

ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် ခေတ်မီလေအေးပေးစက်ပါ DEMU ရထား နေ့စဉ် အစုန်/အဆန် သုံးစင်းပုံမှန်ပြေးဆွဲပေးမည် — စာမျက်နှာ ၇

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် — စာမျက်နှာ ၉

ကြေးမုံ

# သွားလာမှုအဆင်ပြေချောမွေ့ရေး အများပြည်သူပို့ဆောင်ရေးဦးစားပေး

စက်သုံးဆီများ ဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများ စနစ်တကျဖြစ်စေရေး အစည်းအဝေးကို မတ် ၂၄ ရက်က ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ရာ "ပြည်တွင်းစက်သုံးဆီသုံးစွဲမှုကို အကောင်းဆုံးစီမံခန့်ခွဲနိုင်ရန်လိုပြီး အရန်စက်သုံးဆီများကို သိုလှောင်ထားရှိနိုင်ရန်နှင့် ချွေတာသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း" မှာကြားခဲ့သည်။

ထို့အပြင် "စက်သုံးဆီများကို အမှန်တကယ်အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများမရှိစေရေး၊ မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ စက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး ချိတ်ဆက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မီးရထားခရီးစဉ်များ၊ အဝေးပြေးဘတ်စ်ကားခရီးစဉ်များ အစရှိသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်သုံးဆီများကို မဖြစ်မနေဖြည့်တင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

ဖြစ်ပွားလျက်ရှိသော အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စက်သုံးဆီရှားပါးမှုကို နိုင်ငံတိုင်းတွင် ကြုံတွေ့နေရပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါအခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်သုံးဆီသုံးစွဲမှုကိုလျှော့ချနိုင်ရန်အတွက် မကြာမီကာလက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသုံးစွဲမှုနှင့် ဆီဖြည့်တင်းမှုကို စုံ/မ အလှည့်ကျစနစ်ဖြင့်ဆောင်ရွက်ခြင်း၊ QR Code အသုံးပြု၍ ဆီဖြည့်ခြင်းစနစ်ဆောင်ရွက်ခြင်း၊ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာ ဆောင်ရွက်ခြင်း၊ မကြာမီတွင် မော်တော်ယာဉ်အင်ဂျင်ပါဝါအပေါ်မူတည်၍ တစ်ပတ်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ဆီဖြည့်သွင်းခြင်းစနစ်တို့ကို စီမံဆောင်ရွက်လျက်ရှိသည်။

အခက်အခဲအကျပ်အတည်းဖြစ်ပေါ်ချိန်တွင် မသမာမှုများဖြစ်ပေါ်လေ့ရှိရာ စက်သုံးဆီအကျပ်အတည်းကိုအကြောင်းပြု၍ မမှန်မကန်ရောင်းချခြင်း၊ စက်သုံးဆီကို အမှန်တကယ်သုံးစွဲရန်အတွက်မဟုတ်ဘဲ အခွင့်အရေးတစ်ရပ်အနေဖြင့် အရယူပြီး သိုလှောင်ထားရှိခြင်း၊ မှောင်ခိုရောင်းချခြင်း၊ ဆီတိုင်ကီများဖြင့် တရားမဝင်သယ်ယူပို့ဆောင်ရောင်းချခြင်း စသည့်မသမာမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုကဲ့သို့ အခက်အခဲဖြစ်ပေါ်ချိန်တွင် စက်သုံးဆီအကျိုးအမြတ်အတွက် တရားဝင်ယာဉ်များသာမက တရားမဝင်ယာဉ်များပါ ပေါ်ထွက်လာသည်။ ထို့ကြောင့် ယာဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ စက်သုံးဆီနှင့်ပတ်သက်၍လည်းကောင်း ကြပ်မတ်စိစစ်ဖော်ထုတ်ပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရမည်သာဖြစ်သည်။ အဓိကမှာ စက်သုံးဆီနှင့်ပတ်သက်၍လည်းကောင်း၊ မော်တော်ယာဉ်နှင့်ပတ်သက်၍လည်းကောင်း အများပြည်သူသွားလာမှုအဆင်ပြေစေရန်အတွက် နိုင်ငံတော်က အလေးထားစီမံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ယင်းအပေါ် အခွင့်အရေးအဖြစ်၊ အကျိုးစီးပွားအဖြစ် အသုံးချမှုများကို ဖော်ထုတ်အရေးယူရမည်ဖြစ်သည်။

ယခုကဲ့သို့အချိန်အခါတွင် နိုင်ငံတော်အနေဖြင့် အများပြည်သူပို့ဆောင်ရေးလုပ်ငန်းများ အခက်အခဲမရှိစေရန် ဦးစားပေးဆောင်ရွက်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ မီးရထားခရီးစဉ်များကို နယ်မြေဒေသအခြေအနေများအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများကို အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အလွန်ဝေးလံပြီး မော်တော်ယာဉ်ဖြင့် သွားလာရန်ခက်ခဲသောဒေသများသို့ လေကြောင်းခရီးစဉ်များဖြင့် အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ အခြားသွားလာရန်ခက်ခဲသည့်ဒေသများသို့လည်း ဒုတိယဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ သွားလာမှုခက်ခဲလျှင် ကုန်ဈေးနှုန်းများ မြင့်မားလာတတ်သဖြင့် သယ်ယူပို့ဆောင်ရေးစနစ်ကို မလစ်ဟင်းအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

မကြာမီကာလတွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ရာ မော်တော်ယာဉ်သုံးစွဲမှုရှိလာမည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများနှင့် မြို့နယ်များတွင် လမ်းလျှောက်သင်္ကြန်အဖြစ် သတ်မှတ်ကျင်းပပေးနိုင်ပါက လျော်ကန်သင့်မြတ်ပေသည်။ သို့ဖြစ်ရာ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့အရ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပိုမိုကောင်းမွန်သော အစီအမံအမျိုးမျိုးကို စနစ်တကျဆောင်ရွက်လျက်ရှိရာ စက်သုံးဆီနှင့်ပတ်သက်၍ ကိုယ်ကျိုးစီးပွားအမြတ်ထုတ်မှုများကို ရှောင်ရှားပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## အစိုးရဓမ္မာစရိယစာမေးပွဲ (တတိယနေ့)ကျင်းပ

နေပြည်တော် မတ် ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ တတိယနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၉၄၉၆ ပါး/ဦးအနက် ၇၅၇၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၂၅

ယနေ့ညနေ ၅ နာရီ ၅၂ မိနစ် ၃၆ စက္ကန့်တွင် တောင်ငူမြေငလျင်စခန်းမှ အရှေ့ဘက် ၈၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဘောလခဲမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၀၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၆၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍အင်အား ပမာဏ ၄ ဒသမ သုည အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## ၂၅ - ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၅,၅၀၀ | ၁၅,၀၀၀ | ၅၈၂ | ၈,၇၆၄,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၂၀၀ | ၇,၅၁၃ | ၄၇,၃၁၁,၃၀၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၈ | ၇၂,၀၀၀ |
| FPB | ၄,၃၀၀ | ၄,၃၀၀ | ၄,၂၆၁ | ၁၈,၃၂၁,၀၀၀ |
| TMH | ၃,၄၀၀ | ၃,၂၀၀ | ၃ | ၉,၈၀၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၇,၅၆၈ | ၁၄,၀၃၆,၉၅၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၂၅၃ | ၉၈၆,၇၀၀ |
| MAEX | ၃,၈၅၀ | ၃,၈၅၀ | ၃,၃၂၁ | ၁၂,၈၈၀,၈၅၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၃၀၀ | ၃၁၂ | ၁,၀၄၅,၀၀၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၃၉,၅၀၀ | ၃၁၄ | ၁၂,၄၀၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့၏တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများကို အားမာန်အပြည့်အဝဖြင့် သီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြ အခမ်းအနားအစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကော်မရှင် အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည့်စုံလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက် နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အလံတော်အဖွဲ့နှင့် စစ်ရေးပြစစ်ကြောင်းများ၊ ယာဉ်ယန္တရားများ၏ စစ်ရေးပြကွင်းအတွင်း ချီတက်ဝင်ရောက် နေရာယူမှုများ၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြမည့် ဧည့်သည်တော်ကြီးများအတွက် ထိုင်ခုံနေရာချထားမှုများ၊ မြင်းစီးတပ်ခွဲနှင့် အရေးကြီးပုဂ္ဂိုလ် ယာဉ်တန်း ဝင်ရောက်နေရာယူမှုများအား ဦးစွာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေမှလေယာဉ်၊ရဟတ်ယာဉ်များ၏ အချိန်ကိုက် အုပ်ဖွဲ့ပျံသန်းလေ့ကျင့်မှုများ၊ အလံတော်အဖွဲ့နှင့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှု ဆိုင်ရာများ၊ စစ်ရေးပြအလံများ၊ စစ်ရေးပြ လက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများ ပြင်ဆင်ထားရှိမှု၊ စစ်ရေးပြတပ်ခွဲ အသီးသီး၏ စစ်ရေးပြ လှုပ်ရှားမှုများနှင့် ဂုဏ်ပြု အမြောက်တပ်ဖွဲ့တို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ) နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အထူးတာဝန်တပ်ဖွဲ့ဝင်များ၊ ယာဉ်ယန္တရားများ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၂၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

# STAR FM Radio ထုတ်လွှင့်မှု (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၅

STAR FM Radio ထုတ်လွှင့်မှု (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

ဦးစွာ STAR FM Radio ဂုဏ်ပြုတေးသီချင်းဖြင့် တင်ဆက်ဖျော်ဖြေခဲ့ပြီး STAR FM Radio စတင်ထုတ်လွှင့်ခဲ့ချိန်မှ လက်ရှိအချိန်အထိ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု Documentary Video Clip ကို ပြသသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင် (ကိုယ်စား) သတင်းနှင့် မီဒီယာလုပ်ငန်း(မြဝတီ) ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက STAR FM Radio ထုတ်လွှင့်မှု (၄) နှစ်မြောက် နှစ်ပတ်လည် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်ပြီး STAR FM Radio ဌာနခွဲအလိုက် ထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ပြီး နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များက တေးသီချင်းများနှင့်




သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် မြဝတီမီဒီယာစင်တာနှင့် STAR FM Radio မှ ဝန်ထမ်းများက အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

အဆိုပါ နှစ်ပတ်လည်အခမ်းအနားသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လက်ရှိထုတ်လွှင့်နေသော FM အသံလွှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ၊ မိတ်ဖက်ကုမ္ပဏီနှင့် လုပ်ငန်းရှင်များ၊ ရုပ်ရှင်၊ ဂီတနှင့် သဘင်တို့မှ ဖိတ်ကြားထားသူများနှင့် အခြားတာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ရှိတွင် STAR FM Radio ထုတ်လွှင့်မှုကို နေပြည်တော်၊ ရန်ကုန်၊ စစ်ကိုင်းနှင့် ပြင်ဦးလွင်မြို့များရှိ FM လှိုင်းနှုန်း 90.3 MHz ဖြင့် နေ့စဉ်ထုတ်လွှင့်လျက်ရှိသည်။ Telegram Channel နှင့် Radio Garden Application STAR FM 90.3 MHz Channel တို့မှ Online Live Stream အနေဖြင့် တစ်ကမ္ဘာလုံး အတိုင်းအတာ နားဆင်နိုင်အောင် ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

STAR FM Radio ကို ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်မှ စတင်ထုတ်လွှင့်ရာ လက်ရှိတွင် ၄ နှစ်သို့ပြည့်မြောက်ခဲ့ခြင်းလည်းဖြစ်သည်။ STAR FM Radio မှ အစီအစဉ်များကို နေ့စဉ်နံနက် ၅ နာရီမှ ညပိုင်း ၁၁ နာရီအထိ ထုတ်လွှင့်ချိန် ၁၈ နာရီအတွင်း တရားဓမ္မအစီအစဉ်များ၊ ပြန်ကြားရေး၊ ပညာပေး၊ ဖျော်ဖြေရေး၊ အင်္ဂလိပ်ပိုင်းနှင့် တိုက်ရိုက်ထုတ်လွှင့်မှုစသည့် အစီအစဉ်ကောင်းများဖြင့် စုစုပေါင်းအစီအစဉ် ၆၃ ခုဖြင့် ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သဘော်သားနှင့် မိသားစုများခံစားချက် စစ်တမ်းကောက်ယူခြင်းဆိုင်ရာစာနယ်ဇင်း ရှင်းလင်းပွဲနှင့် CBA – SEA နှင့်စပ်လျဉ်းသည့် ဗဟုသုတဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၅

သဘော်သားနှင့် မိသားစုများ ခံစားချက် စစ်တမ်းကောက်ယူခြင်းဆိုင်ရာ စာနယ်ဇင်းရှင်းလင်းပွဲနှင့် CBA – SEA နှင့် စပ်လျဉ်းသည့် ဗဟုသုတဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၅၃)၊ ၃၇ လမ်း ၊ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ ပင်လယ်ကူး သဘော်သား အလုပ်သမားများ အဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပသည်။



### ရှင်းလင်းပြောကြား

ဦးစွာ မြန်မာနိုင်ငံပင်လယ်ကူး သဘော်သား အလုပ်သမားများ အဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ကပ္ပတိန်စိုးမင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားမှူးက သဘော်သားနှင့်မိသားစုများခံစားချက်စစ်တမ်းကောက်ယူခြင်းဆိုင်ရာ စာနယ်ဇင်း ရှင်းလင်းပွဲနှင့် CBA – SEA နှင့် စပ်လျဉ်းသည့်ဗဟုသုတဟောပြောပွဲဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဖွဲ့ချုပ်အနေဖြင့် မတ် ၃၁ ရက်တွင် ကျင်းပမည့် အစီအစဉ်များကို ပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့၌ မက္ကဒေးမီးယားစိုက်ပျိုးပြုစု ထိန်းသိမ်းခြင်း နည်းပညာပေးသင်တန်းဖွင့်

ပြင်ဦးလွင် မတ် ၂၅

ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (နောင်ချို)တို့ ပူးပေါင်းဖွင့်လှစ်သော မက္ကဒေးမီးယား စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း နည်းပညာပေး သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ပြင်ဦးလွင်မြို့နယ် မြန်မာ-ခါနန် တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေး သင်တန်းကျောင်း ဒိုးကွင်တွင် ကျင်းပသည်။




### ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးကိုယ်စား ကော်ဖီ သုတေသနနှင့် နည်းပညာ ပြန့်ပွားရေးဗဟိုဌာန တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နီလာထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား နောင်ချိုမြို့နယ် မက္ကဒေးမီးယားခြံရှင် ဦးဝင်းဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် သင်တန်းသား ၁၇ ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းအား မတ် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

## မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၅၉) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်




ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ (၅၉) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံ အနုပညာလက်ရာများ ပြပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ Junction City Shopping Mall ရှိ Promotion Area ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယကကြီးများနှင့် ဥက္ကဋ္ဌ ဦးသန်းထွန်းဦး (တက်နေဝင်း) တို့က အမှာစကားပြောကြားပြီး ဆုရဓာတ်ပုံများ၊ သုံးလပတ်ပြိုင်ပွဲ၊ သင်တန်းသား ပြိုင်ပွဲများ၏ ဆုရဓာတ်ပုံများ၊ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆု၊ နှစ်သိမ့်ဆု ရရှိကြသော ပြိုင်ပွဲဝင်ဓာတ်ပုံ သမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

### ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါ မြန်မာနိုင်ငံဓာတ်ပုံ အသင်း(၅၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် Photo Essay ကဏ္ဍ၊ စိတ်ကြိုက် ဒစ်ဂျစ်တယ်ကဏ္ဍ၊ ရှုချင်စဖွယ် ဆေးရောင်စုံကဏ္ဍ၊ လူပုံကဏ္ဍ၊ သဘာဝလေ့လာချက် ကဏ္ဍ၊ mobile photography ကဏ္ဍ၊ စိတ်ကြိုက် ဒစ်ဂျစ်တယ်ကဏ္ဍ အမျိုးအစားခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

၎င်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှ ဓာတ်ပုံဆရာ၊ ဓာတ်ပုံပညာရှင်များ ဖိတ်ခေါ်ခဲ့ရာ ပြိုင်ပွဲဝင် ၄၅ ဦးတို့က စုစုပေါင်း ဓာတ်ပုံ ၆၀၀ ကျော်ရှိကြောင်း သိရသည်။

**ဝလ**

## မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြသ

မကွေး မတ် ၂၅

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးဝင်း အတွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



ထို့နောက် မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေး သရုပ်ပြသခြင်း၊ “191” Application အသုံးပြုပုံ၊ Gas Fire မီးလောင်နေမှုအား ငြိမ်းသတ်မှု သရုပ်ပြခြင်း၊ ဆီမီးလောင်ငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ဂုဏ်ပြုထိုက်သော တပ်မတော်နေ့

မိုးသားလေး (ဟိုတယ်/ခရီး)

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မတ်လ ၂၇ ရက်သည် အရေးအကြီးဆုံးသော မှတ်တိုင်တစ်ခု ဖြစ်သည်။

နယ်ချဲ့လွတ်မြောက်ရေးလှုပ်ရှားမှုဖြင့် စတင်သန္ဓေတည်ခဲ့ပြီး နိုင်ငံ့လွတ်လပ်ရေးအတွက် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ အတူလက်တွဲပြီး ဖက်ဆစ်ဝါဒီများကို စတင်တွန်းလှန်မောင်းထုတ်ခဲ့သည့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် ဂုဏ်ပြုထိုက်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ကြည်း၊ ရေ၊ လေ တို့ဖြင့် ဖွဲ့စည်းထားသည့် မြန်မာ့တပ်မတော် ဖြစ်တည်ပေါ်ပေါက်ခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း(၈၁)နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။

**တပ်မတော်နေ့ကျင်းပရခြင်း ရည်ရွယ်ချက်**

တပ်မတော်နေ့သည် မြန်မာ့တပ်မတော်၏ စွမ်းဆောင်ရည်နှင့် မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုသည့်နေ့တစ်နေ့ဖြစ်ပြီး သမိုင်းကြောင်းအရ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးအတွက် အသက်သွေးချွေးပေးဆပ်ခဲ့သော ရှေးဦးတပ်မတော်သားများနှင့် ပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ပြန်လည်သတိရစေသော နေ့တစ်နေ့ဖြစ်ပါသည်။ ထို့အပြင် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ထားမှု၊ စစ်အင်အား၊ လက်နက်ခဲယမ်းနှင့် နည်းပညာမြှင့်တင်ထားမှုတို့ကို ပြည်သူနှင့်ကမ္ဘာကို ထုတ်ဖော်ပြသခြင်းဖြစ်သည်။

နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားကို ယုံကြည်မှု တည်ဆောက်ခြင်းလည်းဖြစ်ပြီး နောင်လာနောက်သား တပ်မတော်သားများနှင့် လူငယ်များအကြား မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ အချုပ်အခြာအာဏာကို ကာကွယ်လိုသည့်စိတ်နှင့် **“ရဲစိတ်ရဲမာန်”** စိတ်များ အစဉ်အမြဲကိန်းအောင်းနေစေရန်လည်း ရည်ရွယ်ပါသည်။

တပ်မတော်နေ့အခမ်းအနားကို ယခင်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသည့်အထင်ကရနေရာတစ်ခုလည်းဖြစ်သည့်အပြင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သမိုင်းဝင်စစ်ထွက်မိန့်ခွန်းပြောကြားခဲ့သော တော်လှန်ရေးပန်းခြံတွင် ကျင်းပခဲ့ပါသည်။ ၂၀၀၆ ခုနှစ် နောက်ပိုင်းမှစ၍ နေပြည်တော်ရှိစစ်ရေးပြကွင်းကြီးတွင် ကျင်းပလာခဲ့ပါသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။

ထိုနေ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီး(အထူး) တပ်ဖွဲ့ဝင်များ၏ စစ်ရေးပြ ချီတက်မှုများ၊ စစ်လက်နက်ပစ္စည်းများ ထုတ်ဖော်ပြသမှုများ၊ လေတပ်၏ လေကြောင်းပျံသန်းမှုအတတ်ပညာပြသမှုများနှင့်အတူ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၏ အချိန်ကိုက် အုပ်စုဖွဲ့ပျံသန်းလေ့ကျင့်မှုများ၊ အလံတော်အဖွဲ့နှင့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများ၊ စစ်ရေးပြအလံများ၊ စစ်ရေးပြလက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများ ပြင်ဆင်ထားရှိမှုနှင့် စစ်ရေးပြတပ်ခွဲအသီးသီး၏ စစ်ရေးပြလှုပ်ရှားမှုများ ပြသကြပါသည်။

ထို့အပြင် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများနှင့် တိုင်းနှင့် ပြည်နယ်အသီးသီးရှိ တိုင်းစစ်ဌာနချုပ်များတွင်လည်း စစ်ရေးပြအခမ်းအနားများ ကျင်းပဂုဏ်ပြုကြပါသည်။

တပ်မတော်နေ့တွင် နိုင်ငံတော်၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာ၌ ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် စစ်ဘက်နှင့် အရပ်ဘက် ပုဂ္ဂိုလ်များအား **နိုင်ငံတော်အဆင့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် တံဆိပ်များ**ကို နှစ်စဉ်ချီးမြှင့်အပ်နှင်းလေ့ရှိရာ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် ရဲဝံ့ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့သူများအား ပေးအပ်သည့် **စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့**များ၊ **စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ**၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် နယ်ပယ်အသီးသီးမှ ထူးထူးချွန်ချွန်ဆောင်ရွက်သူများကို ပေးအပ်သည့် **စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့**များ ချီးမြှင့်အပ်နှင်းပါသည်။

> **နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားကို ယုံကြည်မှုတည်ဆောက်ခြင်းလည်းဖြစ်ပြီး နောင်လာနောက်သား တပ်မတော်သားများနှင့် လူငယ်များအကြား မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ အချုပ်အခြာအာဏာကို ကာကွယ်လိုသည့်စိတ်နှင့် “ရဲစိတ်ရဲမာန်” စိတ်များ အစဉ်အမြဲ ကိန်းအောင်းနေစေရန်လည်း ရည်ရွယ်**

တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲများ၊ ဓာတ်ပုံပြပွဲများနှင့် စာစီစာကုံးပြိုင်ပွဲများကို ဌာနဆိုင်ရာများက ဦးဆောင်ကျင်းပခြင်း၊ ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများ ကျင်းပခြင်းတို့အပြင် နိုင်ငံတကာသံတမန်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအတွက် ဂုဏ်ပြုညစာစားပွဲတို့ကို ပြုလုပ်ခြင်း၊ မြို့တော်နေပြည်တော်နှင့် မြို့ကြီးအချို့တွင် တပ်မတော်နေ့ ညချမ်းအချိန်အခါ၌ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ဂုဏ်ပြုဆင်နွှဲကြပါသည်။

**တပ်မတော်၏ စွမ်းဆောင်ရည်များ**

**“ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ ”**ဟူသော အသက်ကိုပင် ပေးဆပ်ရဲသည့် တပ်မတော်သားတို့၏ဂုဏ်ဒြပ်ကား တုန္နိုင်းဖွယ်မရှိမြင့်မြတ်လှသည်။ မြန်မာ့တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးအဖြစ် ဦးထိပ်ပန်ဆင်ကာ အစဉ်တစိုက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကာ အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမည့် မည်သည့် ပြည်တွင်း၊ ပြည်ပရန်စွယ်ကိုမဆို ကာကွယ်တွန်းလှန်ရန်အတွက် သစ္စာလေးချက် အဓိဋ္ဌာန်ပြုကာ အမြဲအသင့်ရှိနေသော မြန်မာ့တပ်မတော်၊ ပြည်သူ့တပ်မတော်သာ ဖြစ်သည်။

တပ်မတော်သားများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြသူများဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်မှာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားများသည် ကိုယ်ပိုင်ဆန္ဒနှင့်အညီ အများအကျိုးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသူများဖြစ်သည်။

ထို့အပြင် လေးချက်သောသစ္စာကို နေ့စဉ်ရွတ်ဆိုပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေသည့် တပ်မတော်သားများသည် အမိနိုင်ငံတော်၏ မြတ်နိုးတန်ဖိုးထားဖွယ်ရာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ပါကြောင်းနှင့် ချစ်သောတပ်မတော် ထာဝရအခွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

> **တပ်မတော်သားများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြသူများဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်မှာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားများသည် ကိုယ်ပိုင်ဆန္ဒနှင့်အညီ အများအကျိုးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသူများဖြစ်**

# ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် ခေတ်မီလေအေးပေးစက်ပါ DEMU ရထား နေ့စဉ် အစုန်/အဆန် သုံးစင်းပုံမှန်ပြေးဆွဲပေးမည်

**နေပြည်တော် မတ် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အား ပုံမှန် DEMU ရထား နှစ်စင်း ပြေးဆွဲလျက်ရှိပြီး ထပ်မံ၍ ရန်ကုန်-နေပြည်တော် အသွားအပြန်ခရီးစဉ်များအား အမှတ် (၃၃)အဆန်၊ (၃၄) အစုန်ရထားများအဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | အမှတ်(၃၃)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၃၀ |
| ၃ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၀၆:၀၀ | ၁၁:၃၀ |
| ၅ | အမှတ်(၃၄)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၃၀ |
| ၆ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |

ထပ်မံတိုးချဲ့ပြေးဆွဲမည့် အမှတ်(၃၃)အဆန်နှင့် (၃၄)အစုန်ရထားလက်မှတ်များအား သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး Online Railways Ticketing and Payment (ORTP)စနစ်ဖြင့် ဝယ်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အမှတ်(၃၃) အဆန် ရန်ကုန်-နေပြည်တော် DEMU လူစီးအမြန်ရထားသည် မတ် လ ၂၆ ရက်နေ့မှ စတင်ပြေးဆွဲပေးပြီး မတ်လ ၂၇ ရက်နေ့မှစ၍ ရထားအားလုံး အထက်ပါရထားအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။ **မြန်မာ့မီးရထား**

❐ **ကျောဖုံးမှ**

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံမှ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲထွက်ခွာမည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

ထို့နောက် ရထားပေါ်ရှိ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုက်ပါသွားသည့်ခရီးသည်များအား လက်ပြနှုတ်ဆက်ကြသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မြန်မာ့မီးရထားက လက်ရှိမြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ခြောက်ခေါင်းကို မြင်းကောင်ရေ ၁၆၀၀ အား ဘက်ထရီလျှပ်စစ်စက်ခေါင်းအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးခဲ့ပြီး အလားတူ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ဘက်ထရီလျှပ်စစ်စက်ခေါင်း ခြောက်ခေါင်း စုစုပေါင်း ၁၂ ခေါင်းကို ထုတ်လုပ်သွားမည်ဖြစ်သည်။



ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့ ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံမှ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲထွက်ခွာမည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ထုတ်လုပ်ပြီးဖြစ်သည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းများကို နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် လေအေးပေးစက်ပါ လေအိတ်အထူးအမြန်ရထားဖြင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှစတင်၍လည်းကောင်း၊ ပြင်ဦးလွင်-ဇီးပင်ကြီးတောင်ပေါ်လမ်းပိုင်း လူစီးရထားတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှစတင်၍လည်းကောင်း ပြေးဆွဲအသုံးပြုခဲ့ပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ယနေ့မှစတင်၍ ဘက်ထရီလျှပ်စစ်ရထားစက်ခေါင်းကို လူစီးတွဲလေးတွဲနှင့် ဘရိတ်တွဲတစ်တွဲ ချိတ်ဆက်အသုံးပြု၍ ရန်ကုန်-တိုးကြောင်ကလေး၊ ရန်ကုန်-အင်းစိန်နှင့် ရန်ကုန်မြို့ပတ်ခရီးစဉ်များကို ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း တစ်ခေါင်းဖြင့် အစားထိုးပြေးဆွဲခြင်းကြောင့် တစ်ရက်အတွက် ဘဏ္ဍာငွေကျပ်ခြောက်သိန်းကျော် ခြိုးခြံချွေတာနိုင်သဖြင့် တစ်လအတွက် ကျပ်သိန်း ၁၈၀ ကျော် ကုန်ကျစရိတ်သက်သာနိုင်မည်ဖြစ်သည့်အပြင် တစ်ရက်လျှင် ဒီဇယ်ဆီ ၆၆ ဂါလန်နှုန်းဖြင့် တစ်လအတွက် ဒီဇယ်ဆီ ၁၉၈၀ ဂါလန် လျှော့ချသုံးစွဲနိုင်မည်ဖြစ်သည်။

ဘက်ထရီစွမ်းအင်သုံးလျှပ်စစ်စက်ခေါင်းနှင့် ရထားတွဲဆိုင်းများပြေးဆွဲပေးနိုင်ခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှုလုံးဝမဖြစ်ပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေခြင်း၊ အသံဆူညံမှုကို လျှော့နည်းစေခြင်း၊ ဒီဇယ်ဆီအသုံးပြုစက်ခေါင်းနေရာတွင် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းများဖြင့် အစားထိုးသုံးစွဲနိုင်မှုကြောင့် စက်သုံးဆီများကို ပြည်ပမှ မှာယူတင်သွင်းနေရသည့် နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ ဘက်ထရီစက်ခေါင်းများကို အစားထိုးပြေးဆွဲပေးခြင်းဖြင့် ဒီဇယ်ဆီသုံးစွဲမှုကို လျှော့ချနိုင်ပြီး ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် ဘက်ထရီစက်ခေါင်းများ အသုံးပြု၍ ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လောင်စာဆီအခက်အခဲအား တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတစ်ဝန်းရှိ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဖြစ်၍ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်း (Public Transportation) အတွက် များစွာအထောက်အကူဖြစ်ပါကြောင်း သိရသည်။ **သတင်းစဉ်**



# ပန်းဆိုးတန်း-ဒလ ချယ်ရီကူးတို့သင်္ဘော နောက်ဆုံးပြေးဆွဲချိန်များ ပြောင်းလဲသတ်မှတ်

**ရန်ကုန် မတ် ၂၅**

ရန်ကုန်မြို့ ပန်းဆိုးတန်းနှင့် ဒလမြို့သို့ ခရီးသည်ပို့ဆောင်ပြေးဆွဲလျက်ရှိသည့် ချယ်ရီကူးတို့သင်္ဘောများ၏ နောက်ဆုံးပြေးဆွဲချိန်ကို မတ် ၂၈ ရက်မှစ၍ ပြောင်းလဲပြေးဆွဲမည်ဖြစ်သည်။

ယခင်က ချယ်ရီကူးတို့သင်္ဘောများ၏ နောက်ဆုံးသင်္ဘောပြေးဆွဲချိန်များသည် ဒလမှ ည ၇ နာရီခွဲနှင့် ပန်းဆိုးတန်းမှ ည ၈ နာရီဖြစ်ပြီး ပြောင်းလဲသတ်မှတ်လိုက်သည့် နောက်ဆုံးသင်္ဘော ပြေးဆွဲချိန်သည် ပန်းဆိုးတန်းမှ ည ၇ နာရီ၄၅ မိနစ်ဖြစ်ပြီး ဒလမှ ည ၇ နာရီဖြစ်သည်။

ချယ်ရီကူးတို့ သင်္ဘောများ၏ နံနက်ပိုင်း စတင်ထွက်ခွာချိန်များသည် ပြောင်းလဲမှုမရှိဘဲ ဒလမှ နံနက် ၅ နာရီခွဲနှင့် ပန်းဆိုးတန်းမှ နံနက် ၆ နာရီဖြစ်သည်။ ချယ်ရီကူးတို့ သင်္ဘောပြေးဆွဲချိန်မှာ ပန်းဆိုးတန်းနှင့် ဒလ နောက်ဆုံးပြေးဆွဲချိန်ကို ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်ပြီး တစ်နေ့တာ ကူးတို့သင်္ဘောပြေးဆွဲချိန်များသည် မူလအတိုင်း ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

✪ **နိုင်ငံတစ်ဝန်းမှ**

ခရိုင် / မြို့နယ်များတွင်လည်းကောင်း ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့ ကမ်းနားလမ်း၊ ကန်သာယာရေကန်အနီးရှိ ချစ်သူလမ်းကြား၊ ဇွဲကပင်ပန်းခြံရှေ့တို့တွင် လမ်းလျှောက်သင်္ကြန်နှင့် သဲသောင်ပြင်သင်္ကြန်တို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကန်သာယာဗိုလ်ချုပ်လမ်းပေါ်၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ကမ်းနားလမ်းတစ်လျှောက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်းတစ်လျှောက်တွင်လည်းကောင်း လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ ဆောင်ရွက်ပြီး ခရိုင်နှင့် အမြို့မြို့အနယ်နယ်တွင်လည်း သတ်မှတ်နေရာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ချင်းပြည်နယ် ဟားခါးမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ခရိုင် / မြို့နယ်အသီးသီးတို့တွင်လည်း လမ်းလျှောက်သင်္ကြန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ပြည်သူများအတူပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွ ဆင်နွှဲကြမည့် အနှစ်သာရရှိသည့်ပွဲတော်ကြီးတစ်ခုဖြစ်သည်။

လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပြည်သူအားလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် မြို့ကြီးအသီးသီးအပြင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ ပြုလုပ်ပြီး နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုကျော်များ၊ ဒေသခံအဆိုတော်များဖြင့် ဖျော်ဖြေရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ငမိုးရိပ်ရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့မှ နွေစပါးစိုက်ခင်းများနှင့် ရန်ကုန်မြို့သောက်သုံးရေအတွက် ပေးဝေလျက်ရှိ





**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့မှ နွေစပါးစိုက်ခင်းများအပြင် ရန်ကုန်မြို့တော် သောက်သုံးရေအတွက်လည်း ရေပေးဝေလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစ၍ ငမိုးရိပ်ရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့မှ နွေစပါးနှင့် အခြားသီးနှံစိုက်ခင်းများသို့ ငမိုးရိပ် တူးမြောင်းမကြီးနှင့် လဂွမ်းပြင် တူးမြောင်းမကြီးတို့မှတစ်ဆင့် လက်တံမြောင်းများသို့ အဆင့်ဆင့် တမံရေပေးဝေခဲ့ပြီး စိုက်ခင်းများ ရေလုံလောက်စွာရရှိရေး၊ ရေလေလွင့်ဆုံးရှုံးစေမှု နည်းပါးစေရေးတို့အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများနှင့် ရေအသုံးချသူများအဖွဲ့(WUG)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

နွေစပါးစိုက်ခင်းများ စိုက်ပျိုးရေးအဆင်ပြေစေရန် ငမိုးရိပ်ရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့မှ နွေစပါး ၄၁၄၆၁ ဧကကို ရေပေးတူးမြောင်းများနှင့် ရေတံခါးများမှ ဆည်ရေများ ပို့လွှတ်ပေးလျက်ရှိပြီး ဆည်ရေအပြင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် စက်ရေတင်လုပ်ငန်းတို့မှလည်း စိုက်ပျိုးရေကို ပေးဝေလျက်ရှိသည်။

ငမိုးရိပ်ရေလှောင်တမံအနေဖြင့် နွေစပါးခင်းများအတွက် ဆည်ရေအပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေသန့်စင်စက်ရုံများမှတစ်ဆင့် ရန်ကုန်မြို့တော်သို့ နေ့စဉ်သောက်သုံးရေ ဂါလန်သန်း ၁၃၀ ပို့လွှတ်ပေးလျက်ရှိရာ ထိုသို့ပို့လွှတ်နိုင်မှုသည် ငမိုးရိပ်ရေလှောင်တမံအထက်ဘက်၌ ပေါင်းလင်းရေကူတမံနှင့် မဟူရာရေကူတမံတို့ တည်ဆောက်၍ ရေများကို ထိန်းသိမ်းနိုင်မှုကြောင့် ဖြစ်သည်။ လဂွမ်းပြင်ရေလှောင်တမံသည်လည်း စိုက်ပျိုးရေးအတွက် ဆည်ရေပို့လွှတ်မှုအပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လဂွမ်းပြင်ရေသန့်စက်ရုံမှတစ်ဆင့် နေ့စဉ်သောက်သုံးရေဂါလန်သန်း ၄၀ ပို့လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-ဥဿ၊ ဓာတ်ပုံ - ကိုလွင်**

# ကျောက်ဆည်မြို့နယ်၌ နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းသီးနှံများ လျာထားချက်ပြည့်မီရေး စတင်စိုက်ပျိုး

**ကျောက်ဆည် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နွေသီးနှံမျိုးစုံ စိုက်ပျိုးရာတွင် လျာထားချက် ၅၂၇၁၅ ဧက ပြည့်မီကျော်လွန်ရေး မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေများ ပေးဝေလျက်ရှိပြီး နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်း သီးနှံများ လျာထားချက်ပြည့်မီရေး စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေနှမ်း ၄၄၂၀၆ ဧက၊ မိုးကြိုပဲတီစိမ်း ၃၂၉၆ ဧက စိုက်ပျိုးရန် လျာထားကြောင်းနှင့် စမာစိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများဖြစ်သော ဒါန်းတိုင်ကျေးရွာအုပ်စု၌ နွေနှမ်း ဧက၅၁၀၊ မိုးကြိုပဲတီစိမ်း ဧက၅၀၊ ရန်ဘက်လိုကျေးရွာအုပ်စု၌ နွေနှမ်း ဧက ၉၈၀၊ မိုးကြိုပဲတီစိမ်း ဧက ၁၅၀၊ ပေတောကြီးကျေးရွာအုပ်စု၌ နွေနှမ်း ၉၄၂ ဧက၊ မိုးကြိုပဲတီစိမ်း ၁၇၅ ဧက၊ ဘုံကွင်းကျေးရွာအုပ်စု၌ နွေနှမ်း ၆၂၂ ဧက၊ မိုးကြိုပဲတီစိမ်း ဧက ၄၀၊ စင်းကွန်းကျေးရွာအုပ်စု၌ နွေနှမ်း ၉၂၅ ဧက၊ မိုးကြိုပဲတီစိမ်း ၇၅ ဧက၊ ပန်းခွာကျေးရွာအုပ်စု၌ နွေနှမ်း ၆၀၄ ဧက၊ မိုးကြိုပဲတီစိမ်း ၂၀၇ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိပြီး နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



နွေနှမ်းစိုက်ပျိုးရာ၌ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးကြရေးကွင်းဆင်း၍ တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပရိတ်တရားတော်နာယူခြင်းအခမ်းအနား ကျင်းပ



လွှတ်တော်ကိုယ်စားလှယ်များနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များက လွှတ်တော်ရုံး ဝန်ထမ်းများနှင့် အထောက်အကူပြုအဖွဲ့များအား ဆန်၊ ဆီ၊ ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပသည်။

**ရွတ်ဖတ်ပူဇော်**

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နေနတ်သားစာသင်တိုက်နာယက ဘဒ္ဒန္တသုစိတ္တ ဆရာတော်ထံမှ ဩဝါဒခံယူပြီး ဆရာတော်များက မဟာသမယ(၇)သုတ် ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသ ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်းဆွေးနွေး

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်(CEIR)အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၄ ရက် မွန်းလွဲပိုင်းက ပြုလုပ်သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သီသီခိုင်နှင့် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဝင်များက အခွန်ထမ်းပြည်သူများအား ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်(CEIR)နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လက်ကမ်းစာစောင်နှင့် သိမှတ်ဖွယ်ရာစာအုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုလင်း

# ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ပဲခူး မတ် ၂၅

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီး (၂၆၀၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဘုရား၊ တရား၊ သံဃာ သုံးဌာနပူဇော်ပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကာ မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သုံးဌာနပူဇော်ပွဲမှ ဘုရားပူဇော်ပွဲကို မြတ်ဗုဒ္ဓအား အာရုံပြု၍ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ ဆွမ်း၊ သစ်သီးဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကာ အနေကဇာတင်ခြင်းကုသိုလ် ဆောင်ရွက်သွားမည်ဖြစ်သည်။

တရားပူဇော်ပွဲတွင် ပင့်ဖိတ်ထားသောသံဃာတော် အရှင်သူမြတ်များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း ကုသိုလ် ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်သည်။ သံဃာပူဇော်ပွဲတွင်လည်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ပြီး အလှူဒါယကာ အလှူဒါယိကာမများစုပေါင်းကာ ပင့်ဖိတ်ထားသော သံဃာတော် အရှင်သူမြတ်အပါး ၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ နဝကမ္မအလှူငွေများ လှူဒါန်းခြင်း ကုသိုလ်များ ဆောင်ရွက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၆၀၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များအနေဖြင့် ဘုရားဖူးလာပြည်သူများ စိတ်အပန်းဖြေစေရန်အတွက် ဒေသထွက်ကုန်များနှင့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ထွက်ရှိသည့် လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်းများရောင်းချသည့် ဈေးဆိုင်ခန်းများ၊ ဇာတ်သဘင်ပွဲများ၊ ကစားကွင်းများဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားကွင်းအတွင်းတွင် ဈေးဆိုင်ခန်းများ၊ "ကျော်သူမိုး" အပျော်စီးလှေနှင့် ကလေးကစားကွင်းများအပြင် မတ် ၂၇ ရက်မှ ၂၉ ရက်အထိ "စွမ်းသုံးစွမ်း"ရွှေလာဘ်ငွေလာဘ်သဘင် ဇာတ်အဖွဲ့က လည်းကောင်း၊ မတ် ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ညကို "စမ်းရေမိုး" ဇာတ်သဘင်အဖွဲ့ကလည်းကောင်း၊ ဧပြီ ၁ ရက်မှ ၃ ရက်အထိ သုံးညကို "သူရဝင်းထွဋ်" ဇာတ်သဘင်အဖွဲ့ကလည်းကောင်း၊ ဧပြီ ၄ ရက်မှ ၈ ရက်အထိ ငါးညကို "မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ဇာတ်အလှသဘင်" အဖွဲ့ကလည်းကောင်း ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဗုဒ္ဓအသံသာသနာ့ဗိမာန်ကြီး၏ မြောက်ဘက်ကွင်းတွင် ဈေးဆိုင်ခန်းများ၊ စိန်နှင့်မြအပျော်စီးလှေနှင့် ကလေးကစားကွင်းများအပြင် မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ ၁၀ ညတိုင်တိုင်ကို "အောင်ဇမ္ဗူဇာတ်သဘင်"အဖွဲ့နှင့် "ကြည်လဲ့လဲ့ဦးတေးသရုပ်ဖော် ပဒေသာကပွဲ" အဖွဲ့တို့က ပါဝင်ကပြဖျော်ဖြေခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ စက်မှုဇုန်များတွင် မီးလောင်မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် မတ် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းထွဋ် ဦးဆောင်၍ မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းဆောင်ရွက်

ဒဂုံမြောက် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပူးပေါင်း၍မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းများကို အမှတ်(၃၇)ရပ်ကွက် စုပေါင်းရုံးပတ်လမ်းရှိလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ယမန်နေ့ညနေပိုင်းက လေ့ကျင့်ဆောင်ရွက်သည်။

ပေါ့ဆမီးများကြောင့် မကြာခဏ မီးလောင်မှုများဖြစ်ပွားနေသည့်အတွက် မြို့နယ်အတွင်းရှိ ရုံးဌာနများတွင် အရေးကြီးစာရွက်စာတမ်းများ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းညီညီထွန်းနှင့်ဝန်ထမ်း ၂၃ ဦးတို့အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုနည်းအား ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြှိမ်းသတ်ခြင်းများ လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**




**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၀၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

# ကံမမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

ကံမ မတ် ၂၅

ကံမမြို့နယ်အတွင်း တောမီးလောင်ကျွမ်းခြင်းများ လျှော့ချနိုင်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး ဟောပြောခြင်းကို ကံမမြို့ စပယ်ခြံကျေးရွာ၌ ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကံမမြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲညွန့် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကံမမြို့ စပယ်ခြံကျေးရွာရှိ ကျေးရွာလူထု ၁၅၀ အား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားခြင်း၊ တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများ မပြုလုပ်စေရေးနှင့် မီးခိုးမြူငွေ့အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြို့နယ်သစ်တောဦးစီးဌာန ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တောမီးရှို့ခြင်းဖြင့် ရရှိလာနိုင်သည့် ဆိုးကျိုးများ၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုဆိုင်ရာ ဘေးအန္တရာယ်များနှင့် သိမှတ်ဖွယ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကောင်းစစ်နိုင်



# လမ်းမတော်မြို့နယ်၌ စူဠဘွဲ့နှင်းသဘင်နှင့် စာအောင်ဆုနှင်းသဘင် ကျင်းပ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပရိယတ္တိအလယ်တိုက်ကျောင်းတွင် ယနေ့မွန်းလွဲပိုင်းက စူဠဘွဲ့နှင်းသဘင်နှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး လမ်းမတော်မြို့နယ် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကေသရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် အောင်လက်မှတ်၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်နှင့် တာဝန်ရှိသူများက ဆရာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်

ကျော်ဆန်းမြင့်

# တောင်ဥက္ကလာပမြို့နယ်၌ ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက တောင်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။




အဆိုပါဟောပြောပွဲတွင် တောင်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်မီမီတင်ငွေက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနိုင်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ခင်ဆွေနှင်း(ပြန်/ဆက်)

# မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအသိပညာပေးဟောပြော

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ လကမ္ဘာဆေးရုံရှိ ဝန်ထမ်းများအား မီးဘေးအသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်သည့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက လကမ္ဘာဆေးရုံရှိ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အချက်များ၊ မီးလောင်ရသည့်အကြောင်းရင်းများ၊ မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူးအကြောင်းနှင့် အသုံးပြုနည်းများ၊ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းများ၊ 191 Report Application ထည့်သွင်းအသုံးပြုစေရေး စသည်တို့ကို ရှင်းလင်းပြသဆောင်ရွက်သည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းရှိ ရတနာသိင်္ဂီဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသေးစိတ်စစ်ဆေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



# ဒေါပုံမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာပေး

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဒေါပုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန ဒေါပုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်မျိုးထွေးက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register–CEIR)၏ အကျိုးကျေးဇူးများ၊ CEIR စနစ်ဖြင့် အခွန်ပေးဆောင်ခြင်းနှင့် အခွန်ပေးသွင်းနိုင်သည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# သဘာဝတရားကြီး၏ တန်ဖိုးကို သိရှိနားလည်ကြပါ ...

**နန်းသီရိကျော်**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ယနေ့ခေတ် ကမ္ဘာ့အရေးပါဆုံး စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်သည်။

နိုင်ငံတော်သာယာဝပြောရေးဆိုသည်မှာ စီးပွားရေးတိုးတက်မှုနှုန်းကို တိုင်းတာခြင်းသက်သက်မဟုတ်ဘဲ နိုင်ငံသားတိုင်း၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ပျော်ရွှင်ချမ်းမြေ့မှုကိုပါ အာမခံနိုင်ခြင်းကို ဆိုလိုသည်။ ယင်းပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် သယံဇာတကြွယ်ဝသော မြေ၊ သန့်ရှင်းလတ်ဆတ်သော လေ၊ ရေတို့သည် မရှိမဖြစ်လိုအပ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို မျက်ကွယ်ပြုပါက ထိုတိုးတက်မှုသည် ရေတိုအကျိုးစီးပွားသာဖြစ်စေပြီး ရေရှည်တွင် နိုင်ငံတော်၏အနာဂတ်ကို ထိခိုက်စေမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) အရ **"ပတ်ဝန်းကျင်"** ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်သည့် လူသားပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့်အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း ဆိုသည်ဟု ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

**လူလုပ်ပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်**

ပတ်ဝန်းကျင် အမျိုးအစားမှာ လူလုပ်ပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဟူ၍ နှစ်မျိုးရှိပါသည်။ လူလုပ်ပတ်ဝန်းကျင်တွင် သမိုင်းအချက်အလက်များ၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များပါဝင်ပြီး သဘာဝပတ်ဝန်းကျင်တွင် မြေထု၊ ရေထု၊ လေထု၊ ဇီဝထု (အပင်များ/ သတ္တဝါများ) ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်သည် ကျွန်ုပ်တို့လူသားများအတွက် အောက်ဆီဂျင်ထုတ်လုပ်ပေးခြင်း၊ သန့်ရှင်းသောရေ၊ အစားအစာ၊ ဆေးဝါးတို့ကို လုံလောက်စွာပေးအပ်ခြင်းနှင့် စိုက်ပျိုးရေးအတွက် မြေဆီလွှာကို ပေးအပ်ခြင်းစသည့် မရေတွက်နိုင်သော ဝန်ဆောင်မှုများကို အခမဲ့ ပေးစွမ်းနေသည်။

ဤဝန်ဆောင်မှုများကို ဂေဟစနစ် ဝန်ဆောင်မှုများ (Ecosystem Services) ဟုခေါ်ဆိုသည်။ ဥပမာအားဖြင့် သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ပေးသည့်အပြင် ရေကြီးရေလျှံမှုကို ကာကွယ်ပေးသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းသည် ကျွန်ုပ်တို့၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုအတွက် ကြီးမားသောအတားအဆီးများကို ဖြစ်ပေါ်စေသည်။ သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှုများကြောင့် စိုက်ပျိုးမြေများ အရည်အသွေးကျဆင်းလာသည်။ ဤအချက်သည် စားရေရိက္ခာထုတ်လုပ်မှုကို ထိခိုက်စေပြီး နိုင်ငံသားများအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အစားအစာဖူလုံမှုကို ခြိမ်းခြောက်နေသည်။ မြန်မာနိုင်ငံ၏စီးပွားရေး အဓိကမောင်းနှင်အားဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြေဆီလွှာအရည်အသွေးကျဆင်းခြင်းသည် နိုင်ငံတော်ဝင်ငွေကို တိုက်ရိုက်ထိခိုက်စေသည်။ ထို့အပြင် စက်မှုလုပ်ငန်းများမှ စွန့်ပစ်သော အညစ်အကြေးများကြောင့် မြစ်ချောင်းအင်းအိုင်များ ညစ်ညမ်းလာရာ ရေထွက်ပစ္စည်းများ ထုတ်လုပ်မှုကို ထိခိုက်စေပြီး ဒေသခံ ရေလုပ်ငန်းရှင်များ၏ စီးပွားရေးကိုပါ ထိခိုက်စေသည်။

လေထုနှင့် ရေထုညစ်ညမ်းမှုသည် နိုင်ငံသားများ၏ ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေသည့် အဓိကအကြောင်းရင်းဖြစ်လာသည်။ ညစ်ညမ်းသောလေကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ကင်ဆာရောဂါများ ပိုမိုဖြစ်ပွားလာပြီး ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်မြင့်မားခြင်းတို့ကို ဖြစ်စေသည်။ ထို့အပြင် သန့်ရှင်းသောသောက်သုံးရေ ပြတ်လပ်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ပျံ့နှံ့နိုင်ကာ လူ့အဖွဲ့အစည်း၏ ပျမ်းမျှသက်တမ်းနှင့် အရည်အသွေးကို လျော့ကျစေသည်။

ကျန်းမာသောနိုင်ငံသားများသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်ပြီး **ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၄)** အခန်း (၈)၊ နည်းဥပဒေ ၄၅ နှင့် ၄၆ တို့တွင် ပတ်ဝန်းကျင်အရည်အသွေးကို ထိန်းချုပ်ရန်အတွက် လိုအပ်သည့် စံချိန်စံညွှန်း အမျိုးအစားများ သတ်မှတ်ထားခြင်းသည် နိုင်ငံသားများ၏ ကျန်းမာရေးကို ကာကွယ်ရန် အဓိကရည်ရွယ်သည်။

ဂေဟစနစ်များ ပျက်စီးခြင်းသည် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားစေသည်။ သစ်တောများမရှိတော့သည့်အခါ မိုးသည်းထန်စွာ ရွာသွန်းပါက ရေကို ထိန်းသိမ်းထားနိုင်စွမ်းမရှိတော့ဘဲ ရေကြီးရေလျှံမှုများ အလွယ်တကူ ဖြစ်ပွားလာသည်။ ထို့အတူ ပင်လယ်ကမ်းရိုးတန်းရှိ ဒီရေတောများ ပြုန်းတီးသွားပါက မုန်တိုင်းဒဏ်မှ ကာကွယ်ပေးမည့် သဘာဝအတားအဆီးများ ပျောက်ကွယ်သွားရာ ကမ်းရိုးတန်းဒေသများ ပိုမိုအန္တရာယ်များလာသည်။ သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားခြင်းသည် နိုင်ငံတော်၏ဘတ်ဂျက်ကို ထိခိုက်စေပြီး ပြန်လည်ထူထောင်ရေးကုန်ကျစရိတ်များ မြင့်မားလာစေသည်။

- ❖ **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို မျက်ကွယ်ပြုပါက ထိုတိုးတက်မှုသည် ရေတိုအကျိုးစီးပွားသာဖြစ်စေပြီး ရေရှည်တွင် နိုင်ငံတော်၏ အနာဂတ်ကို ထိခိုက်စေမည်မှာ မလွဲကေန်ပင်ဖြစ်**
- ❖ **နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် ခွဲခြား၍မရသော အပြန်အလှန်မှီခိုနေသည့် အရာနှစ်ခုဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်၏ အရင်းအမြစ်များကို ကုန်ခန်းအောင်၊ ပျက်စီးအောင် အလွန်အကျွံ အသုံးချနေမည့်အစား လက်ရှိ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်အကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့်သာ ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံတော်တည်ဆောက်နိုင်မည်**

**ခိုင်မာသောမူဝါဒနှင့် မဟာဗျူဟာများကို ချမှတ်အကောင်အထည်ဖော်**

နိုင်ငံတော်သာယာဝပြောစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှ အစိုးရအဖွဲ့အထိ အဆင့်တိုင်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်က ဤစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ခိုင်မာသောမူဝါဒနှင့် မဟာဗျူဟာများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာဖြစ်သည့် **"မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" (MSDP) (၂၀၁၈-၂၀၃၀)** သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နိုင်ငံတော်၏ အဓိက အာရုံစိုက်ရာကဏ္ဍအဖြစ် သတ်မှတ်ထားသည်။ MSDP ၏ မဏ္ဍိုင် (၃) **" ပြည်သူများနှင့် ကမ္ဘာမြေ "** တွင် ရည်မှန်းချက် (၅) အနေဖြင့် "နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်" ဟု ထည့်သွင်းထားသည်။

နိုင်ငံတော်သာယာဝပြောရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသည့် ရာသီဥတု ပြောင်းလဲမှုကို ကိုင်တွယ်ရန်အတွက် **မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (MCCMP) (၂၀၁၈-၂၀၃၀)** ကို ချမှတ်ထားသည်။ မဟာဗျူဟာ၏ ရေရှည်မျှော်မှန်းချက်မှာ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ ကျန်းမာပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရေးအတွက် အားလုံးပါဝင်သည့် ရေရှည်တည်တံ့၍ ချမ်းသာကြွယ်ဝမှုရှိကာ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာသည့် မြန်မာနိုင်ငံအဖြစ် ပြောင်းလဲရန်ဖြစ်ပါသည်။

ဤမျှော်မှန်းချက်ကို မီးရှူးတန်ဆောင်အဖြစ်ထားရှိကာ နှောင် (၁၃) နှစ် ကာလအတွင်း အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ပြည်သူ-ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အားထုတ်ကြိုးပမ်းသွားရမည်ဖြစ်သည်ဟု ဖော်ပြပါရှိပါသည်။

နိုင်ငံသားတိုင်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာမြှင့်တင်ခြင်းနှင့် တာဝန်ယူမှုအားကောင်းစေခြင်းသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၄)** အခန်း (၃) နည်းဥပဒေ (၆) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ပိုင်ခွင့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများနှင့် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းနှင့် ကျောင်းသင်ခန်းစာများတွင် ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုခြင်းတို့ ပါဝင်သည်။

**သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်**

ပြည်သူလူထုက ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို စောင့်ကြည့်သတင်းပို့ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခြင်းဖြင့်သာ ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ရေနှင့် လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲခြင်း၊ ပလတ်စတစ်ကဲ့သို့ ပတ်ဝန်းကျင်ကို ထိခိုက်စေသောပစ္စည်းများ သုံးစွဲမှုကို လျှော့ချခြင်း (Reduce, Reuse, Recycle) စသည့် တစ်ဦးချင်းတာဝန်ယူမှုဖြင့် စတင်နိုင်သည်။

နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် ခွဲခြား၍မရသော အပြန်အလှန်မှီခိုနေသည့် အရာနှစ်ခု ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်၏ အရင်းအမြစ်များကို ကုန်ခန်းအောင်၊ ပျက်စီးအောင် အလွန်အကျွံ အသုံးချနေမည့်အစား လက်ရှိလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်အကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့်သာ ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံတော်တည်ဆောက်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ လက်ရှိလုပ်ရပ်များသည် အနာဂတ်မျိုးဆက်သစ်များ၏ဘဝများအား တိုက်ရိုက်သက်ရောက်မှုရှိနေသည်ကို အမြဲသတိပြုရပါမည်။ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များသည် သန့်ရှင်းသော လေ၊ ကြည်လင်သော ရေနှင့် စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်ကို ထိုက်တန်စွာခံစားပိုင်ခွင့်ရှိပါသည်။ ထိုခံစားပိုင်ခွင့်ကို ထိန်းသိမ်းပေးရန် ယနေ့မှစ၍ ကျွန်ုပ်တို့ တစ်ဦးချင်းစီသည် မိမိတို့၏ အခန်းကဏ္ဍမှ တာဝန်ယူကာ သဘာဝတရားကြီး၏ တန်ဖိုးကို သိရှိနားလည်၍ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကားချက် -**


- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (၂၀၁၈-၂၀၃၀)
- မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (MCCMP) (၂၀၁၈-၂၀၃၀)
- The National wildlife federation: Ecosystem Services
- www.wwf.org.mm/thabarwa/

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)က နိုင်ငံတကာခရီးစဉ်များအတွက် ခရီးဆောင်အိတ်သယ်ယူခွင့်များကို ယခင်အတိုင်း ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ပြည်တွင်းခရီးစဉ်များကိုလည်း ပြန်လည်ပြေးဆွဲပေးနေ

ရန်ကုန် မတ် ၂၅

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)အနေဖြင့် မကြာသေးမီအချိန်ကာလအတွင်းက ကန့်သတ်ထားသော နိုင်ငံတကာခရီးစဉ်များအတွက် ခရီးဆောင်အိတ်သယ်ယူခွင့်များကို မတ် ၂၆ ရက်မှစတင်၍ ယခင်မူလအတိုင်းပြန်လည်သယ်ဆောင်ခွင့်ပေးသွားမည်ဖြစ်ပြီး operational အခြေအနေများကြောင့် ယခင်ကရပ်နားခဲ့ရသော ပြည်တွင်းခရီးစဉ်များအားလုံးကိုလည်း မတ် ၂၅ ရက်မှစတင်ကာ ပုံမှန်အတိုင်း ပြန်လည်ပျံသန်းပြေးဆွဲပေးနေကြောင်း MAI ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

MAI မှ ပြေးဆွဲနေသည့် နိုင်ငံတကာခရီးစဉ်များအတွက် ခရီးဆောင်အိတ်သယ်ဆောင်ခွင့်များမှာ Economy Class အတွက် 30KG အထိ၊ Business Class အတွက် 40KG အထိ ပြန်လည်သယ်ဆောင်နိုင်ပြီဖြစ်သလို Sky Smile(Ruby & Diamond) အဖွဲ့ဝင်များအနေဖြင့်လည်း အပိုခရီးဆောင်အိတ်သယ်ယူခွင့်များကို မူလအကျိုးခံစားခွင့်များအတိုင်း ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

မတ် ၂၂ ရက်မှ ၂၅ ရက်အတွင်း အသစ်ပြောင်းလဲသတ်မှတ်လိုက်သော ခရီးဆောင်အိတ်သယ်ယူခွင့် ယာယီကန့်သတ်ချက်များကြောင့် KG ဆုံးရှုံးနစ်နာခဲ့ရသည့်ခရီးသည်များကို MAI မှ ခရီးဆောင်အိတ်သယ်ဆောင်ခွင့်အလေးချိန် 10 KG နှင့် တန်ဖိုးညီမျှသည့် Travel Voucher တစ်စောင်ကိုလည်း ပြန်လည်ပေးအပ်သွားမည်ဖြစ်ပြီး ယင်း Travel Voucher ကို ယခုနှစ် ဇွန် ၃၀ ရက်အထိသာ အသုံးပြုနိုင်မည်ဖြစ်ကာ အခြားသူအား လွှဲပြောင်းခြင်း သို့မဟုတ် refund ပြန်လည်ထုတ်ယူခြင်းများ ပြုလုပ်နိုင်မည်မဟုတ်ဟုဆိုသည်။

ယခုအခြေအနေများကြောင့် ဖြစ်ပေါ်ခဲ့သော အဆင်မပြေမှုများအတွက် MAI မှ ခရီးသည်များအား အနူးအညွတ်တောင်းပန်ပါကြောင်းနှင့် မည်သည့်အခြေအနေမျိုးတွင်မဆို ခရီးသည်များ အဆင်ပြေချောမွေ့စွာ ခရီးသွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလို ကာလအတွင်း ခရီးသွားပြည်သူများ၏ စိတ်ရှည်နားလည်ပံ့ပိုးပေးမှုများကိုလည်း ကျေးဇူးတင်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုထက်**

# ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာ မြေသားမိုးရေလှောင်ကန်ကြီးအား ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန် ပြုပြင်တူးဖော်ဆောင်ရွက်

ညောင်ဦး မတ် ၂၅



မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာရှိ မြေသားမိုးရေလှောင်ကန်ကြီးအား ဒေသခံပြည်သူများနှင့် ကျေးငှက်တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစေရန် ရည်ရွယ်၍ ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သော ပရဟိတလူမှုရေးအသင်းအဖွဲ့များက ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းပြီး မတ် ၂၀ ရက်မှစတင်၍ မြေသားမိုးရေလှောင်ကန်ကြီးကို စက်ယန္တရားများဖြင့် ပြုပြင်တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတလူမှုရေးအသင်းအဖွဲ့များက စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်းပြီး မြေသားမိုးရေလှောင်ကန်ကြီး ပရိဝုဏ်အတွင်း၊ အပြင်ရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေဝင်ဧရိယာကျယ်ဝန်းစေရန်အတွက် စက်ယန္တရားများဖြင့် ကန်အတွင်းရှိ သဲ၊ နုန်းရွံ့နွံများ ဆယ်ယူရှင်းလင်းခြင်း (ကန်တူးဖော်ခြင်း)၊ ကန်အတွင်း ရေဝင်ရောက်မှု ပိုမိုကောင်းမွန်စေရန် ရေမြောင်းတူးဖော်ခြင်း စသည့် ကန်ပြုပြင်တူးဖော်ခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြေသားမိုးရေလှောင်ကန်ကြီး ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပနီတွင်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာနှစ်ရွာ၊ တဲတိုက်(၂) ခုတို့မှ စုစုပေါင်း အိမ်ထောင်စု ၄၅၀ မှ ကျေးလက်နေပြည်သူများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူထားရှိသော ကျွဲ၊ နွားတိရစ္ဆာန်များ အပြင် ကျေးငှက်တိရစ္ဆာန်များအတွက်ပါ သောက်သုံးရေ ဖူလုံစေမည်ဖြစ်ကြောင်း၊ ရပ်ဝေးရပ်နီးမှ ကုသိုလ်ပါဝင်လှူဒါန်းလိုသော စေတနာရှင်အလှူရှင်များအနေဖြင့် ကန်တူးဖော်ရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသော ဘက်ဟိုး/မြေသယ်ကားများအတွက် ၄ားရမ်းခ တစ်နာရီလျှင် ငွေကျပ်တစ်သိန်းနှုန်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မဟာအောင်မြေမြို့နယ်၌ စိတ်ကျန်းမာရေးနှင့် လူမှုအထောက်အပံ့ပေးရေးဆိုင်ရာ ဆွေးနွေး

မန္တလေး မတ် ၂၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ စိတ်ကျန်းမာရေးနှင့် လူမှုအထောက်အပံ့ပေးရေးဆိုင်ရာ ဆွေးနွေးပွဲကို အထက (၃) တွင် မတ် ၂၄ ရက်မှစတင် ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မဟာအောင်မြေမြို့နယ် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးနှင့် တာဝန်ခံဆရာ ဆရာမများ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲကို မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုးက အနီးကပ်ကြီးကြပ်၍ သင်တန်းနည်းပြငါးဦးဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလ မတ် ၂၄၊ မတ် ၂၆၊ မတ် ၂၈ ရက်အထိ တစ်ရက်ခြားပို့ချမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၆၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ဇော်မင်း**



# နတ်မောက်မြို့၌ အခြေခံပညာကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး သင်တန်းဖွင့်လှစ်

နတ်မောက် မတ် ၂၅



မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းအနေဖြင့် နေ့စဉ်ဘဝတွင် ကြုံတွေ့ရသည့် စိုးခေါ်မှုများနှင့် စိတ်ဖိစီးမှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် အရည်အချင်းရှိစေရန်၊ မိမိတို့၏ စိတ်ခံစားချက်များကို ကောင်းမွန်စွာစီမံခန့်ခွဲတတ်စေရန်၊ သူငယ်ချင်းအချင်းချင်းနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း ကိုယ်ချင်းစာတရားဖြင့် ကူညီရိုင်းပင်းတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးက ရှင်းလင်းပြောကြားသည်။

ကျွမ်းကျင်ပညာရှင် ဆရာ ဆရာမများက စိတ်ကျန်းမာရေး အခြေခံဗဟုသုတများ၊ စိတ်ဖိစီးမှုလျှော့ချနည်းများ၊ လူမှုဆက်ဆံရေး အရည်အချင်းများနှင့် ကိုယ်ချင်းစာတရားခေါင်းစဉ်များကို သင်ကြားပေးလျက်ရှိရာ သင်တန်းတွင် ကျောင်းအုပ်ဆရာ ဆရာမများ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

# မိုးနဲမြို့နယ်၌ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး ပျိုးထောင်လျက်ရှိ

မိုးနဲ မတ် ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လာမည့်စိုက်ပျိုးရာသီတွင် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဌာနပျိုးဥယျာဉ်၌ ကော်ဖီပျိုးပင်များ စတင်ပျိုးထောင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရခြင်းမှာ ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ကာ လူမှုစီးပွားဘဝတိုးတက်လာစေပြီး ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ နှစ်ရှည်သီးနှံပင်များကြားတွင် ကော်ဖီပင်ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ် ဧရိယာတိုးတက်ကာ မြန်မာ့ကော်ဖီကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ပျိုးထောင်စိုက်ပျိုးလျက်ရှိပြီး ယခုလက်ရှိတွင် ငါးကေစာခန့် ပျိုးထောင်ထားရှိကာ ဆက်လက်၍ ပျိုးအိတ်များဖြင့် ပျိုးထောင်သွားမည်ဖြစ်ပြီး အပင်ပေါက်များရရှိပါက လာမည့် စိုက်ပျိုးရာသီတွင် တောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## ထိုင်းရေနံတင်သင်္ဘောတစ်စင်း ဟော်မုဇ်ရေလက်ကြားမှ ဘေးကင်းစွာ ဖြတ်သန်းခဲ့



ဗန်ကောက် မတ် ၂၅

အီရန်နှင့် အိုမန်စူလတန်နှစ်နိုင်ငံ အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ထိုင်းရေနံတင်သင်္ဘောတစ်စင်း ဟော်မုဇ်ရေလက်ကြားမှ ဘေးကင်းစွာဖြတ်သန်းခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆီဟာဆတ် ပွမ်ကတ်ကွေ့က ယမန်နေ့က ပြောကြားသည်။

စွမ်းအင်ကုမ္ပဏီ ဘန်ချက်ခ်က ပါရှန်ပင်လယ်ကွေ့တွင် ကျောက်ချရပ်နားထားသည့် ရေနံစိမ်းတင်သင်္ဘောတစ်စင်းသည် ဟော်မုဇ်ရေလက်ကြားကို ဘေးကင်းစွာ ဖြတ်သန်းခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါရေနံတင်သင်္ဘောသည် အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး လက်ရှိတွင် လမ်းကြောင်းမှန်ပေါ်ရောက်ရှိကာ ဧပြီလအစောပိုင်းတွင် ထိုင်းနိုင်ငံသို့ ဆိုက်ကပ်နိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီက ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံတကာဥပဒေနှင့်အညီ သင်္ဘောဖြတ်သန်းသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များအပြင် အီရန်နှင့် အိုမန်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းအတွက် စွမ်းအင်ကုမ္ပဏီဘန်ချက်ခ်က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အီရန်၊ ထိုင်းနှင့် အိုမန်စူလတန်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုရှိခြင်းကြောင့် ယခုကဲ့သို့ ထိုင်းရေနံတင်သင်္ဘောတစ်စင်း ဘေးကင်းစွာ ဖြတ်သန်းနိုင်ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ အီရန်သံရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကိုးကား - ဗန်ကောက်ပို့စ်
ဘာသာပြန် - အောင်ကျော်ကျော်

## ဗီယက်နမ်နိုင်ငံ၌ ကလေးများအား အွန်လိုင်းတွင် ကာကွယ်စောင့်ရှောက်မည့် အစီအမံအတည်ပြု

ဟနွိုင်း မတ် ၂၅

ဗီယက်နမ်နိုင်ငံတွင် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ် ကာလအတွင်း ကလေးများအား အွန်လိုင်းတွင် ကာကွယ်စောင့်ရှောက်မည့် အစီ အမံတစ်ရပ်ကို ဝန်ကြီးချုပ် ဖန်မန်ချင်းက အတည်ပြုခဲ့ကြောင်း ဗီယက်နမ် နယူးစ် အေဂျင်စီ၏ မတ် ၂၄ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။



ကလေးများအား ဒစ်ဂျစ်တယ်ဆိုင်ရာ စွမ်းရည်မြင့်တက်ရေးကိုပါ ဆောင်ရွက်မည်ဖြစ်သည်။ ကလေးများအား အွန်လိုင်းတွင် ကာကွယ်ရေးအတွက် မဏ္ဍိုင် (၅) ရပ်ဖြင့် ဖွဲ့စည်းထားသည့် လုပ်ငန်းမူဘောင်တစ်ရပ်ကို ရေးဆွဲမည်ဖြစ်ပြီး ၎င်းလုပ်ငန်းမူဘောင်တွင် ခိုင်မာသည့် ဥပဒေပြဋ္ဌာန်းချက်များ ပါဝင်မည်ဖြစ်ပြီး ကလေးသူငယ်များအား အွန်လိုင်းတွင် အကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်သည့် ပညာပေးဟောပြောမှုများကိုလည်း နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်မည်ဖြစ်သည်။ ဆိုင်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင် ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ၍ ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ ၎င်းအစီအမံဆောင်ရွက်သည့် ကာလအတွင်း ကျောင်းများတွင် ဆိုင်ဘာလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး အွန်လိုင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအနေဖြင့် အွန်လိုင်းရှိ မသင့်လျော်သည့် ဖော်ပြချက်များကို ဖယ်ရှားမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ဒေသများတွင်လည်း ဒစ်ဂျစ်တယ်နည်းပညာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

ယခုဆောင်ရွက်သည့် အစီအစဉ်သည် အွန်လိုင်းတွင် မသမာသူများ၏ အသုံးချခံရသည့် ကလေးများအား အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့် အကူအညီများ ပေးရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## အီရန်နိုင်ငံက ရန်စတိုက်ခိုက်မှုများတွင် မပါဝင်သည့် နိုင်ငံများမှ သင်္ဘောများအား ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခွင့်ပြု

တီဟီရန် မတ် ၂၅

အီရန်နိုင်ငံက ရန်စတိုက်ခိုက်မှုများတွင် မပါဝင်သည့် နိုင်ငံများမှ သင်္ဘောများအား ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခွင့်ပြုထားကြောင်း သိရသည်။

အဆိုပါသင်္ဘောများသည် အီရန်အာဏာပိုင်များနှင့် ညှိနှိုင်းပြီး ဘေးကင်းရေးနှင့် လုံခြုံရေးစည်းမျဉ်းများကို အပြည့်အဝလိုက်နာကာ ရေလက်ကြားကို လုံခြုံစွာဖြတ်သန်းနိုင်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်နိုင်ငံ၏ အမြဲတမ်းမစ်ရှင်က ယမန်နေ့က လူမှုကွန်ရက်၌ ရေးသားခဲ့သည်။

ထို့ပြင် အီရန်အာဏာပိုင်များက ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ကုလသမဂ္ဂအေဂျင်စီဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံများထံ အလားတူကြေညာချက်ကို ပေးပို့ခဲ့သည်။

### သုံးသပ်လေ့လာ

တီဟီရန်က အီရန်အပေါ် စစ်ရေးအရ စစ်ဆင်ရေးများတွင် အမေရိကန်နှင့် အစ္စရေးတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံများကို ဟန့်တားရန် ရည်ရွယ်ပုံရကြောင်း နိုင်ငံရေးသုံးသပ်လေ့လာသူများက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## တရုတ်နိုင်ငံ၏ အောင်မြင်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများအား အာဖရိကနိုင်ငံများက သင်ယူလေ့လာဆောင်ရွက်သင့်ဟု ကျွမ်းကျင်သူပြောကြား

လူဆာကာ မတ် ၂၅

တရုတ်နိုင်ငံ၏ အောင်မြင်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများအား အာဖရိကနိုင်ငံများက သင်ယူလေ့လာဆောင်ရွက်သင့်ကြောင်း ဇမ်ဘီယာနိုင်ငံမှ စွမ်းအင်နှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူ ဂျွန်စတုံးချီကွမ်ဒါက ပြောကြားသည်။

တရုတ်နိုင်ငံကဆောင်ရွက်နေသည့် နှစ်ရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအမံများသည် မူဝါဒပိုင်းတွင် တိကျမှုရှိသောကြောင့် အောင်မြင်မှုများရရှိနေရာ အာဖရိကနိုင်ငံများက ယင်းအစီအမံများကို အတုယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းကစတင်၍ တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် နှစ်ရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အောင်မြင်နေခြင်းသည် လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာတွင် သေချာတိကျမှု၏ ရလဒ်များဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာလုံးဆိုင်ရာတီထွင်ဆန်းသစ်မှုကဏ္ဍအတွက် အားဖြည့်ရုံတစ်ခုဖြစ်လာစေရေး တရုတ်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုသည် နိုင်ငံအတွင်း အရင်းအမြစ်များတည်ရှိနေမှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့ကြောင့် အောင်မြင်မှုရရှိမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ နည်းပညာဖွံ့ဖြိုးမှုကြောင့် အာဖရိကဒေသအတွက် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## နာဆာက လကမ္ဘာပေါ်၌ အခြေစိုက်စခန်းတစ်ခုတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ရင်းနှီးမြှုပ်နှံမည်

ဝါရှင်တန် မတ် ၂၅

နိုင်ငံတကာအာကာသအေဂျင်စီ (နာဆာ)က လာမည့် ခုနစ်နှစ်အတွင်း လကမ္ဘာပေါ်၌ အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

Gateway အာကာသစခန်း အသစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များ ခေတ္တရပ်ဆိုင်းထားစဉ် အဆိုပါအစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

နာဆာအကြီးအကဲ ဂျာရက် အစ္စမန်က အမေရိကန်ဦးဆောင်သော အာတီမီ ဒုံးပျံလွှတ်တင်ရေး အစီအစဉ်အတွက် နောက်ဆုံးပေါ် မဟာဗျူဟာကို သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အကြမ်းဖျင်း ပြောကြားခဲ့သည်။



အဆိုပါ ဒုံးပျံလွှတ်တင်မှုအစီအစဉ်သည် အာကာသယာဉ်မှူး လေးဦးကို သယ်ဆောင်သွားမည့် မစ်ရှင်တစ်ခုဖြစ်သည်။ လကမ္ဘာပေါ်သို့ လူလိုက်ပါသည့် ဒုံးပျံလွှတ်တင်ရေးခရီးစဉ်ကို လွန်ခဲ့သည့် နှစ် ၅၀ ကျော်က အပိုလိုမှ နာဆာ၏ ပထမဆုံးသော အာကာသယာဉ်ခရီးစဉ်အဖြစ် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။

အဆိုပါ မစ်ရှင်သည် ၂၀၂၈ ခုနှစ်တွင် လပေါ်သို့ လူသားများ ဆင်းသက်နိုင်စေရန် နာဆာ၏ ရည်မှန်းချက် တစ်စိတ်တစ်ပိုင်းဖြစ်သည်။

လကမ္ဘာပေါ်တွင် အခြေစိုက်စခန်း တည်ဆောက်ခြင်း ရည်ရွယ်ချက်မှာ လပေါ်တွင် အလံများနှင့် ခြေရာများကို ချန်ထားရန် မဟုတ်ဘဲ လပေါ်တွင် လူသားများအစဉ်အမြဲနေထိုင်နိုင်စေရန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# စက်မှုဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ**

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းမှ ထုတ်ကုန်လုပ်ငန်းရှင်များသည် ထုတ်ကုန်နှင့် ထုပ်ပိုးပစ္စည်းများကို တီထွင်ဖန်တီး၍ သုံးစွဲသူများ ပိုမိုကြိုက်နှစ်သက်ရန်နှင့် ရောင်းအားမြှင့်တင်နိုင်ရန် အလေးပေးရင်းနှီးမြှုပ်နှံလာကြသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ (MSMEs)သည် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူးကာ ဈေးကွက်ယှဉ်ပြိုင် ရောင်းချရမည်ဖြစ်ရာ မိမိတို့၏ကိုယ်ပိုင်စိတ်ကူးကြံဆမှုများဖြင့် ဆန်းသစ်တီထွင် ထုတ်လုပ်မှုများကို ပြိုင်ဘက်စီးပွားရေးလုပ်ငန်းများက လွယ်လင့်တကူပုံတူကူးခြင်း၊ တုပခြင်းတို့ကို တားဆီးကာကွယ်ရန် အရေးတကြီး လိုအပ်လာသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းကို ချဲ့ထွင်ရန်ကြိုးပမ်းနေသည့် MSMEs များ စဉ်ဆက်မပြတ် ရှင်သန်ကြီးထွားစေရန်အတွက် ဒီဇိုင်းမူပိုင်ခွင့်ပိုင်ဆိုင်မှုကို အစွမ်းထက်သည့် စီးပွားရေးကိရိယာတစ်ခုအဖြစ် မရှိမဖြစ်အသုံးပြုရန် လိုအပ်လာသည်။

**ဒီဇိုင်း၏ကာလာသည် အလွန်အရေးပါ**

ဒီဇိုင်းဟူသည် ဝယ်ယူသုံးစွဲသူများအား ဆွဲဆောင်နိုင်သည့် ထုတ်ကုန်တစ်ခုတွင် တန်ဆာဆင်ထားသော အပြင်မှ မြင်ရသည့် ပုံသဏ္ဌာန်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ နေ့စဉ်အသုံးပြုသည့် အိမ်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများမှစ၍ လူ့အသုံးအဆောင်နာရီများ၊ လက်ဝတ်ရတနာများ၊ အထည်အလိပ်များနှင့် အခြားဇိမ်ခံပစ္စည်းများတွင် ဒီဇိုင်းပုံစံအမျိုးမျိုးကို မြင်တွေ့နိုင်သည်။ ခေတ်မီဆန်းသစ်လှပသည့် အသွင်သဏ္ဌာန်ရှိသော ထုတ်ကုန်များသည် အခြားသော ထုတ်ကုန်များထက် ဝယ်ယူသုံးစွဲသူများကို ပိုမိုဆွဲဆောင်နိုင်သည်။ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းများ၊ ဖက်ရှင်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ စသည်တို့တွင် ဒီဇိုင်း၏ ကာလာသည် အလွန်အရေးပါသည်။ ထို့အပြင် အပြင်ပန်းပုံသဏ္ဌာန်အားဖြင့် လှပခံ့ညားသော အနုပညာဒီဇိုင်းများသည် ထုတ်ကုန်တစ်ခုကို ဝယ်ယူရန် ဆုံးဖြတ်ချက်ချပေးရာတွင် ဝယ်ယူသူအား များစွာတွန်းအားပေးနိုင်သည်။ ထုတ်ကုန်ဒီဇိုင်းအသစ်များသည် စီးပွားရေးလုပ်ငန်းများတွင် ၎င်းတို့၏ ထုတ်ကုန်များကို ပြိုင်ဘက်လုပ်ငန်းများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေပြီး လုပ်ငန်း၏ပုံရိပ်ကို ပိုမိုကောင်းမွန်လာစေနိုင်သည်။ သို့ဖြစ်၍ ဒီဇိုင်းများသည် စီးပွားရေးလုပ်ငန်းများအတွက် အဖိုးတန် စီးပွားရေးကိရိယာဖြစ်သောကြောင့် ၎င်းတို့ကို ခိုင်မာထိရောက်စွာ အကာအကွယ်ယူထားရန် အရေးကြီးပေသည်။







ထုပ်ပိုးမှုပုံစံဒီဇိုင်းများ။

> **ခေတ်မီဆန်းသစ်လှပသည့် အသွင်သဏ္ဌာန်ရှိသော ထုတ်ကုန်များသည် အခြားသော ထုတ်ကုန်များထက် ဝယ်ယူသုံးစွဲသူများကို ပိုမိုဆွဲဆောင်နိုင်သည်။ လူသုံးကုန်ပစ္စည်းများထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းများ၊ ဖက်ရှင်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ စသည်တို့တွင် ဒီဇိုင်း၏ ကာလာသည် အလွန်အရေးပါသည်။ ထို့အပြင် အပြင်ပန်းပုံသဏ္ဌာန်အားဖြင့် လှပခံ့ညားသော အနုပညာဒီဇိုင်းများသည် ထုတ်ကုန်တစ်ခုကို ဝယ်ယူရန် ဆုံးဖြတ်ချက်ချပေးရာတွင် ဝယ်ယူသူအား များစွာတွန်းအားပေးနိုင်**

ဒီဇိုင်းကိုဖန်တီးရာတွင် မလိုအပ်သော ရှုပ်ထွေးမှုများကို လျှော့ချပြီး အသုံးပြုရလွယ်ကူစေသော ရိုးရှင်းလှပသည့် ဒီဇိုင်းများသည် သုံးစွဲသူများကို စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်သည်။ ထုတ်ကုန်ဒီဇိုင်းတစ်ခုအပေါ် သုံးစွဲသူများက နှစ်သက်လက်ခံခြင်းသည် စီးပွားရေးလုပ်ငန်း၏ အောင်မြင်မှုပုံရိပ်ကို များစွာသက်ရောက်စေသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံ Apple ကုမ္ပဏီက ဖန်တီးသော Apple AirPods များသည် ခေတ်မီနည်းပညာနှင့် ဒီဇိုင်းဆန်းသစ်မှု ပေါင်းစပ်၍ သေးငယ်ပေါ့ပါးသော ကြိုးမဲ့နားကြပ်ကို ဈေးကွက်အတွင်းသို့ ချပြနိုင်ခဲ့သည့်အတွက် လုပ်ငန်းအောင်မြင်မှု များစွာရရှိခဲ့သည်။ ထို့အတူ အမေရိကန်နိုင်ငံ Tesla ကုမ္ပဏီက ထုတ်လုပ်သော လျှပ်စစ်ကားများသည် ခေတ်မီနည်းပညာများ၊ ခေတ်မီဆန်းသစ်သော ဒီဇိုင်းများနှင့် ထူးခြားကောင်းမွန်သည့် စွမ်းဆောင်နိုင်ရည်များကို ပေါင်းစပ်ထုတ်လုပ်ထားသည့်အတွက် သုံးစွဲသူများ နှစ်သက်လက်ခံသည့် ထုတ်ကုန်အသစ်တစ်ခု ဖြစ်လာခဲ့သည်။

**မူပိုင်ခွင့်အကာအကွယ်ရယူထားသင့်**

ထိုကဲ့သို့ လုပ်ငန်းပုံရိပ် မြင့်မားတိုးတက်စေနိုင်သည့် ကိုယ်ပိုင်ဒီဇိုင်းများကို ဈေးကွက်သို့ မချပြမီ မူပိုင်ခွင့်အကာအကွယ်ရယူထားသင့်သည်။ မူပိုင်ခွင့်အကာအကွယ်ရယူထားခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်တွင် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပြီး ဈေးကွက်အတွင်း လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားမှုကို ပြုလုပ်နိုင်သည့်အပြင် ဈေးကွက်ခိုင်မာမှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ MSMEs လုပ်ငန်းများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင် ဖန်တီးထားသော ဒီဇိုင်းများကို မူပိုင်ခွင့်ဖြင့် အကာအကွယ်ရယူထားခြင်းမရှိလျှင် ပြိုင်ဘက်လုပ်ငန်းများ၏ အလွယ်တကူ ပုံတူကူးယူအသုံးပြုခြင်းကို မဟန့်တားနိုင်သဖြင့် စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာနိုင်သည်။

ရှေးဦးစွာ မူပိုင်ခွင့်အကာအကွယ်ရယူထားလျှင် မိမိ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူများက စီးပွားဖြစ်အသုံးပြုခြင်းကို ဥပဒေကြောင်းအရ ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်သည်။ ဒီဇိုင်းပိုင်ရှင်အနေဖြင့် မှတ်ပုံတင်ထားသော မိမိ၏ဒီဇိုင်းအား ခွင့်ပြုချက်မရှိဘဲ ကူးယူခြင်း သို့မဟုတ် တုပခြင်းအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်တားဆီးနိုင်သည့်အတွက် စီးပွားရေးဈေးကွက်ချဲ့ထွင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအားထည့်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ၎င်းအပြင် မူပိုင်ခွင့်ပိုင်ရှင်အနေဖြင့် မိမိ၏ကိုယ်ပိုင်ဒီဇိုင်းကို အခြားသူများအား အခကြေးငွေဖြင့် အသုံးပြုခွင့်ပေးသဖြင့် လုပ်ငန်း၏ ဝင်ငွေတိုးမြင့်ရရှိလာနိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် ဆန်းသစ်တီထွင်ဖန်တီးထားသော ဒီဇိုင်းများသည် စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ခေတ်မီတိုးတက်သော နည်းပညာများနှင့် စိတ်ကူးကြံစည်မှု အနုပညာဖန်တီးမှုများကို ပေါင်းစပ်ဖန်တီးခြင်းဖြင့် ထုတ်ကုန်ဒီဇိုင်းများသည် အစဉ်အမြဲဆန်းသစ်နေမည်ဖြစ်ပြီး အခြားသော ထုတ်ကုန်များနှင့်လည်း ကွဲပြားခြားနားမှုကို ဖြစ်စေသည်။ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရာတွင် ထုတ်ကုန်ဒီဇိုင်းများ မြှင့်တင်ဆောင်ရွက်ခြင်းကို ဗျူဟာမြောက်အသုံးပြုနိုင်ပါက အနာဂတ်တွင် အောင်မြင်သော စီးပွားရေးလမ်းကြောင်းပေါ်သို့ တွန်းပို့ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဤလုပ်ငန်းစဉ်များကို မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဝန်ဆောင်မှုပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလက်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီတောင်းခံပါ။

**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**
လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ရန် MDA Application ကို ယခုပဲ အခမဲ့ ရယူလိုက်ပါ။

Developed by ; In collaboration with ; Printed by ;
DRR Working Group Myanmar

# မော်ဘီမြို့နယ်၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ တတိယနေ့ဆက်လက်ဖြေဆို

ရန်ကုန် မတ် ၂၅


ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တတိယနေ့ အစိုးရဓမ္မာစရိယတန်းစာမေးပွဲ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ ပထမနေ့စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက မော်ဘီမြို့ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အဆိုပါ အစိုးရဓမ္မာစရိယတန်းစာမေးပွဲ ဖြေဆိုရာသို့ စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများ၊ မော်ဘီမြို့ သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး မော်ဘီမြို့နယ်သာသနာရေးမှူး၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ တက်ရောက်ကြည်ညို ကြသည်။

တတိယနေ့အဖြစ် ဖြေဆိုသော အစိုးရဓမ္မာစရိယ တန်းစာမေးပွဲ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာပထမနေ့ စာမေးပွဲတွင် သံဃာတော်နှင့် သီလရှင် ၁၁၈ ပါး စာရင်းပေးသွင်းထားရာ ယနေ့တွင် သံဃာတော်နှင့် သီလရှင် ၈၉ ပါး ဝင်ရောက်ဖြေဆိုတော်မူလျက်ရှိရာ သံဃာတော် ၂၇ ပါး၊ သီလရှင် နှစ်ပါး စုစုပေါင်း ၂၉ ပါး ပျက်ကွက်ကြောင်းနှင့် ဘာသာအလိုက် ဖြေဆို လျက်ရှိသောစာမေးပွဲအား မတ် ၂၃ ရက်မှ ဧပြီ ၄ ရက်အထိ ဖြေဆိုကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဇော်





# ပခုက္ကူမြို့၌ ၂၀၂၆ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ (တတိယနေ့) ဆက်လက်ဖြေဆို

ပခုက္ကူ မတ် ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ (တတိယနေ့)ကို ယနေ့ မွန်းတည့် ၁၂ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် ရိပ်သာလမ်းရှိ ပရိယတ္တိ ဗိမာန် (နှစ်ထပ်စာဖြေဆောင်)၌ ဆက်လက် ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲတွင် ပခုက္ကူ စာဖြေဌာနမှ ဖြေဆိုမည့်စာရင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင် ၅၂ ပါးရှိပြီး ယနေ့(တတိယနေ့) တွင် ကျမ်းရင်း-သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ(၁) ကျင်းပရာ ကြွရောက်ဖြေဆိုသူ ၄၁ ပါးရှိကြောင်း၊ အစိုးရဓမ္မာစရိယ စာမေးပွဲ ကျမ်းရင်းဘာသာရပ်များကို မတ် ၂၃ ရက်မှ ၂၈ ရက်အထိ လည်းကောင်း၊ မြန်မာဂုဏ်ထူးကို မတ် ၂၉ ရက်တွင်လည်းကောင်း၊ ပါဠိဂုဏ်ထူးကို မတ် ၃၀ ရက်မှ ၃၁ ရက်အထိလည်းကောင်း၊ ပါဠိပထမပြန် စာမေးပွဲများကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ လည်းကောင်း ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

ဘာမိသာ (ပခုက္ကူ)

# ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ချောင်းသာမြို့ရှိ Grand Hotel အဆောက်အအုံထပ်တိုးဆောက်လုပ်နေမှုနှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေး ကြည့်ရှုစစ်ဆေး

ချောင်းသာ မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်မောင်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်ခရိုင် ချောင်းသာမြို့တွင် ဟိုတယ်နှင့် ခရီးသွားလာမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်လျက်ရှိသော Grand Hotel RC တစ်ထပ် ထပ်တိုးအဆောက်အအုံတစ်လုံး ဆောက်လုပ်နေမှုနှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေး ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက သက်ဆိုင်ရာဌာနများမှ ဟိုတယ်နှင့်ခရီးသွားလာမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်လျက်ရှိသော Grand Hotel မှ မူလ RC နှစ်ထပ်အဆောက်အအုံပေါ်တွင် (၁၀၉ x ၄၀ x ၉ ပေ) အတိုင်းအတာရှိ RC တစ်ထပ် ထပ်တိုးအဆောက်အအုံတစ်လုံး ဆောက်လုပ်ခွင့်နှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်သည်များ မှာကြားသည်။



ထို့နောက် စီးပွားရေးရာဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁)ရပ်ကွက် မြို့ပတ်လမ်းကမ်းခြေသို့ သွားရောက်၍ ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပမှုနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးပြီး ကမ်းခြေမသန့်ရှင်းလျှင် ရေနေသတ္တဝါများနေထိုင်မှု လျော့နည်းနိုင်ကြောင်း၊ စွန့်ပစ်အမှိုက်များကင်းရှင်းစေရေး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ အပတ်စဉ်ဆောင်ရွက်ကြရန်နှင့် အမှိုက်ပစ်ကွင်းသို့ စနစ်တကျစွန့်ပစ်ကြရန်၊ ချောင်းသာကမ်းခြေသည် ခရီးသွားဆွဲဆောင်သည့် ဒေသဖြစ်သောကြောင့် ကမ်းခြေသန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ စီးပွားရေးရာဝန်ကြီးနှင့်အဖွဲ့သည် ချောင်းသာကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် ဈေးဆိုင်တန်းများ စနစ်တကျရောင်းချရေး ကြည့်ရှုစစ်ဆေးပြီး ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ ဈေးဆိုင်များ စနစ်တကျရောင်းချရန်နှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ မရှိစေရေး အမှိုက်ပုံးများထားရှိရန်၊ အန္တရာယ်ကင်း၍ ခရီးသွားဆွဲဆောင်သော ကမ်းခြေဒေသဖြစ်ပေါ်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ကျော်ဟိန်း(မြန်/ဆက်)

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင် ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၇:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၇:၀၀ နာရီမှ ၈:၀၀ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ နံနက် ၉:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၉:၀၀ နာရီမှ နံနက် ၁၁:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၁:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ မွန်းလွဲ ၁၅:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ ည ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၂:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၂၂:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။


❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။



၂

## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

၄

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ
ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့
အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# လူငယ်များ ဖတ်ရှုလေ့လာသင့်သော ဘာသာပြန်စာပေ

## မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

(၂၂-၃-၂၀၂၆ ရက်နေ့မှအဆက်)

**၂။ အဆင့်မြင့်ဝေါဟာရကို ချဲ့ထွင်ခြင်း**

မူရင်း Charles Dickens ရေးသားသော Great Expectations ကဲ့သို့သော ဂန္ထဝင်ဝတ္ထုများကို ဖတ်ရှုခြင်းသည် ဘာသာပြန်ဆိုမှုတိကျမှုကို တိုးတက်စေသည့် အင်္ဂလိပ်ဝေါဟာရများကို သင်ယူရန်ကူညီပေးပါသည်။ Charles Dickens ရေးသားသည့် ဂန္ထဝင်ဝတ္ထုကြီး Great Expectations ကို မြန်မာဘာသာဖြင့် "မျှော်တလင့်လင့်"ဟု ဘာသာပြန်ဆိုထားပြီး ထင်ရှားသောစာရေးဆရာ ရွှေဥဒေါင်းက ပြန်ဆိုခဲ့ခြင်းဖြစ်သည်။

ဤဝတ္ထုသည် ပစ်ပ် (Pip) ဆိုသော ကောင်လေးတစ်ယောက်၏ ငယ်ဘဝမှ လူလားမြောက်လာပုံ၊ လူကုံထံဘဝသို့ မျှော်လင့်ချက်ကြီးစွာဖြင့် ရောက်ရှိလာပုံနှင့် အချစ်၊ အရှုံး၊ လောကဓံများကို ဖော်ကျူးထားသည့် ခံစားချက်ပြင်းပြသော ပုံပြင်တစ်ပုဒ်ဖြစ်သည်။ ယင်းစာအုပ်ကို ဆရာမောင်ထွန်းသူလည်း ဘာသာပြန်ဆိုခဲ့သည်။

**၃။ စာပေပုံစံကို အားကောင်းစေခြင်း**

Emily Bronte ရေးသားသော Wuthering Heights သည် ဖတ်ရှုသောလူငယ်များအား မြန်မာစာပေပုံစံဖြစ်သော ကဗျာနှင့် ပြဇာတ်ဆိုင်ရာဘာသာစကားကို လေ့ကျင့်ရန် ကူညီပေးပါသည်။

ယင်းစာအုပ်ကို ဆရာကျော်လှိုင်ဦး (မင်းကျော်) က "လေထန်ကုန်း"အမည်ဖြင့် ဘာသာပြန်ဆိုခဲ့သည်။ လေထန်ကုန်း မူရင်းဝတ္ထုကို ၁၈၄၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ပထမအကြိမ် စတင်ထုတ်ဝေခဲ့သည်။ ခေတ်အဆက်ဆက် ဂန္ထဝင်ဝတ္ထုတစ်ပုဒ်အဖြစ် ထင်ရှားသည်။ ရုပ်ရှင်အဖြစ်လည်း ရိုက်ကူးပြသခဲ့ပါသည်။ "လေထန်ကုန်း"သည် ဆယ့်ကိုးရာစု အရင်းရှင် လူ့အဖွဲ့အစည်း၏ ပုဂ္ဂိုလ်ရေး၊ စိတ်ခံစားရေးကို ထင်ဟပ်ထားပြီး လူ၏ အစွဲအလမ်းကြီးတတ်သောစိတ်ထား၊ စိတ်ခံစားပြင်းထန်မှုနှင့် လူ့စရိုက်၏ ပျော့ကွက်၊ ဟာကွက်များကို ဖော်ပြထားသောဝတ္ထုဖြစ်ပါသည်။ တစ်ချိန်က အထက်တန်း အင်္ဂလိပ်စာ ဘာသာရပ်တွင် ပြဋ္ဌာန်းခဲ့သည်။

**၄ ။ လူ့သဘာဝကို နားလည်မှု တိုးတက်စေခြင်း**

ဝီလျံရှိတ်စပီးယား၏ မက်ဘက် (Macbeth) ကဲ့သို့သောစာအုပ်များသည် ရည်မှန်းချက်၊ အပြစ်ရှိစိတ်နှင့် စွမ်းအားတို့ကို စူးစမ်းလေ့လာပြီး စိတ်ခံစားမှုဆိုင်ရာ အနက်သဘောကို မြန်မာဘာသာသို့သဘာဝအတိုင်း ခံစားမိစေသည်။ ဆရာမောင်သိန်းလွင် ဘာသာပြန်ဆိုခဲ့သည်။

**၅။ နိုင်ငံရေးနှင့် လူမှုရေး ဗဟုသုတ**

လူငယ်များသည် နိုင်ငံရေးနှင့် လူမှုရေး ဗဟုသုတများပါဝင်သည့် ဆရာမြသန်းတင့် ဘာသာပြန်သည့် စစ်နှင့် ငြိမ်းချမ်းရေး (Leo Tolstoy) ကို ဖတ်ရှုသင့်သည်။

စိန်ခေါ်မှုအနေဖြင့် ဇာတ်ညွှန်းများစွာပါဝင်သော သမိုင်းနောက်ခံဇာတ်လမ်းဖြစ်သည်။ ဆရာမြသန်းတင့်သည် စစ်နှင့် ငြိမ်းချမ်းရေးစာအုပ်အတွက် ၁၉၇၂ ခုနှစ်တွင် ရသဘာသာပြန် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။ စစ်နှင့် ငြိမ်းချမ်းရေး (War and Peace) ဆိုသည့် စာအုပ်ကြီး၏ မူလခေါင်းကိုင်ဖခင်မှာ ရုရှားနိုင်ငံ စာဆိုကြီး Leo Tolstoy ဖြစ်သည်။

တော်လ်စတွိုင်းသည် ထိုစာအုပ်ကြီးကို နပိုလီယန်စစ်ပွဲကာလဖြစ်သည့် ၁၈၀၅ ခုနှစ်မှ ၁၈၁၃ ခုနှစ် ကာလအတွင်း ဖြစ်ပျက်သမျှကို သမိုင်းနောက်ခံအဖြစ်ထားကာ ရေးသားဖွဲ့ဆိုခဲ့သော ဝတ္ထုကြီးလည်း ဖြစ်သည်။

**၆။ စိတ်ပိုင်းဆိုင်ရာနှင့် ဒဿနိကဗေဒဆိုင်ရာ နက်နဲမှု**

လူငယ်များအနေဖြင့် လေးနက်သော ဘာသာပြန်စာအုပ်များ ဖတ်ရှုရန်လိုအပ်သည်။ ဥပမာ ကာရာမာဇော့ဗ်ညီအစ်ကိုများ - ဖီယိုဒါဒေါ့စတာယက်စကီ၊ ယင်းစာအုပ်ကို ဆရာနတ်နွယ် ဘာသာပြန်ဆိုခဲ့သည်။

မူရင်းစာရေးသူ ရုရှားစာရေးဆရာကြီး ဒေါ့စတာယက်စကီကို ၁၈၂၁ ခုနှစ်တွင် မော်စကိုမြို့၌ မွေးဖွားခဲ့သည်။ ၁၈၄၉ ခုနှစ်တွင် ပီထရာရှက်စကီ အုပ်စုဝင်တစ်ဦးအဖြစ် အဖမ်းခံရပြီး အဓိကတရားခံများဖြစ်၍ သေဒဏ်ပေးခံရသည်။ ဆီမျိုနော့စကီရင်ပြင်တွင် သေဒဏ်အမိန့်ဖတ်ပြကာ ကွပ်မျက်တော့မည့်ဆဲဆဲ နောက်ဆုံး "ပစ်" ဟူသော အမိန့်ပေးခါနီးတွင်မှ လွတ်ငြိမ်းခွင့်အမိန့်ရောက်ရှိလာကာ ပြန်လည်ရှင်သန်ခဲ့ရသူဖြစ်သည်။ နှစ်ပေါင်း ၃၀ နီးပါးကြာပြီးမှ "ကာရာမာဇော့ဗ် ညီအစ်ကိုများ"ကို စတင်ရေးသားခဲ့ပြီး ၁၈၈၀ ပြည့်နှစ်တွင် စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့သည်။ လေးနက်သော ဒဿနအယူအဆများကို ဖတ်ရှုရမည်ဖြစ်သည်။

စိန်ခေါ်မှုမှာ နက်နဲသော ဒဿနိကဗေဒနှင့် ဘာသာရေးဆိုင်ရာ ငြင်းခုံမှုများကို ဖတ်ရှုရမည်။ အကျိုးကျေးဇူးအနေဖြင့် အတွေးအခေါ်ဆိုင်ရာ အယူအဆများနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ပဋိပက္ခများကို သိမြင်နားလည်လာနိုင်သည်။

လူငယ်များအနေဖြင့် သုတ ရသစာပေ ဘာသာပြန်များကို ရှာဖွေဖတ်ရှုသင့်ပါသည်။ ဥပမာ ဦးနုဘာသာပြန်သော မိတ္တဗလဋ္ဌိကာစာအုပ်သည် သုတစာပေဘာသာပြန်စာအုပ်ဖြစ်သည်။

How to Win Friends and Influence People သည် ၁၉၃၆ ခုနှစ်တွင် Dale Carnegie ရေးသားခဲ့သော ကိုယ့်ကိုယ်ကိုယ်ကူညီရေး စာအုပ်တစ်အုပ်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် အုပ်ရေသန်း ၃၀ ကျော် ရောင်းချခဲ့ရပြီး သမိုင်းတစ်လျှောက် အရောင်းရဆုံးစာအုပ်များထဲမှ တစ်အုပ်ဖြစ်လာခဲ့သည်။

ယင်းစာအုပ်ဖတ်ခြင်းဖြင့် လူငယ်များသည် လူအများနှင့် ဆက်ဆံရာတွင် အခြေခံနည်းစနစ်များ သိရှိနားလည်နိုင်ပြီး လူမှုဆက်ဆံရေး၏ သဘောသဘာဝကို သိရှိလာနိုင်သည်။

ဝေဖန်ခြင်း၊ ရှုတ်ချခြင်း သို့မဟုတ် ညည်းညူခြင်းမပြုခြင်း၊ ရိုးသားပြီး စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားခြင်း၊ တစ်ဖက်လူကို စိတ်အားထက်သန်သော ဆန္ဒတစ်ခု နှိုးဆွပေးခြင်း စသည်တို့ကို ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဤစာအုပ်၏ ရည်ရွယ်ချက်မှာ သင့်အား သင်မသုံးဖူးသေးသော သတ္တိထူးများကို တွေ့အောင်ရှာစေခြင်း၊ တွေ့လျှင် ယင်းတို့ကို တိုးချဲ့စေခြင်း၊ တိုးချဲ့ပြီးနောက် အကျိုးရှိအောင် အသုံးချစေခြင်းဖြင့် ကိစ္စအဝဝကို အပြည့်အစုံ ဆောင်ရွက်စေရန်ပင်ဖြစ်လေသည်ဟု ဒေးလ်ကာနက်ဂျီက အမှာရေးထားသည်။

လူငယ်များအနေဖြင့် ရသဘာသာပြန်စာအုပ်များလည်း ဖတ်ရှုသင့်သည်။ ရသစာပေဘာသာပြန်သူသည် ရသစာပေ၏သဘောကို ကြိုတင်သိထားလျှင် အသိအရှိန် အသိလမ်းစရနိုင်ပြီဖြစ်သဖြင့် မိမိ၏ ဘာသာပြန်လုပ်ငန်းကို ချောမောစွာ ဆောင်ရွက်နိုင်မည်ဟု ဆရာဇော်ဂျီက ဖော်ညွှန်းခဲ့သည်။ ရသဘာသာပြန်စာအုပ်များစွာအနက် ကျွန်တော်နှစ်သက်သော စာအုပ်တစ်အုပ်မှာ ဆရာမောင်ထွန်းသူ မြန်မာပြန်ဆိုသော "ရဲတိုက်" ဖြစ်သည်။

ယင်းစာအုပ်သည် ၁၉၈၃ ခုနှစ် မြန်မာအမျိုးသားစာပေ ဘာသာပြန်ဆုကို ရရှိထားခဲ့သောစာအုပ်လည်းဖြစ်ပါသည်။ "ဆရာဝန်တစ်ယောက်ဟာ ဘယ်လိုကျင့်ဝတ်သိက္ခာနဲ့ ဘယ်လိုရပ်တည်မှုမျိုး ရှိသင့်တယ်" ဆိုသော အတွေးများစွာရရှိစေမည့် စာအုပ်ဖြစ်သည်။ ၁၉၃၀- ၃၁ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံတွင် တကယ်ဖြစ်ပျက်ခဲ့သောအခြေအနေအကြောင်းအရာများဖြစ်ပြီး ဆရာမောင်ထွန်းသူ၏ ဘာသာပြန်စွမ်းရည် ချောမွေ့ပြေပြစ်မှုကလည်း လက်ကမချနိုင်လောက်အောင် ကောင်းလွန်းလှသည်။ ယင်းစာအုပ်သည် ဆရာဝန်၊ ဆေးပညာများအပြင် လောက၏ ကမောက်ကမနိုင်ပုံများ၊ လူကောင်းလူဆိုးဖြစ်ရခြင်းများနှင့်အတူ လူများ၏ သဘောမနောများကိုလည်း မီးမောင်းထိုးပြပေးထားသည်။ ရဲတိုက်ဝတ္ထုသည် ဆေးပညာတွင် လမ်းဟောင်းကို လျှောက်ချင်သူနှင့် လမ်းသစ်ကို ဖောက်ချင်သူတို့၏ ပဋိပက္ခများကို ဖော်ပြထားသည့် ဝတ္ထုဖြစ်သည်။

မူရင်းစာရေးဆရာ အေ၊ ဂျေ၊ ကရိုနင် ကိုယ်တိုင်က ဆရာဝန်တစ်ယောက်ဖြစ်သည့်အတွက် ဆရာဝန်တစ်ယောက်၏ကျင့်ဝတ်များ သိက္ခာများ ဆေးပညာရပ်များအပြင် လူမှုရေး၊ ကျန်းမာရေး၊ တိုးတက်ပြောင်းလဲရေးအမြင်များကိုပါ စုစည်းဖွဲ့သီထားသည်။

ဘာသာပြန်ဝတ္ထုများသည် လူငယ်များအား တွေးခေါ်မှုတွင် စည်းကမ်းရှိမှု၊ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်နှင့် ခိုင်မာသောကျင့်ဝတ်တန်ဖိုးများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးသည်။ ကြွယ်ဝသော ဘာသာစကားနှင့် မှတ်မိလွယ်သော ဇာတ်ကောင်များမှတစ်ဆင့် လူငယ်စာဖတ်သူများသည် ၎င်းတို့၏ စိတ်ကူးဉာဏ်၊ စာနာမှုနှင့် ရင့်ကျက်မှုတို့ကို တိုးတက်စေနိုင်သည်။

ဥပမာအားဖြင့် Pride and Prejudice၊ Great Expectations နှင့် Jane Eyre တို့သည် စရိုက်၊ လူမှုရေးတာဝန်ယူမှု၊ ရည်မှန်းချက်၊ မေတ္တာနှင့် ကိုယ်ရည်ကိုယ်သွေး သမာဓိတို့အကြောင်း အရေးကြီးသောသင်ခန်းစာများကို သင်ကြားပေးသည်။ ဤဝတ္ထုများသည် လူငယ်များအား လူ့အဖွဲ့အစည်း၊ လူတန်းစားနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ရွေးချယ်မှုများသည် လူတစ်ဦး၏အနာဂတ်ကို မည်သို့ပုံဖော်သည်ကို နားလည်ရန်ကူညီပေးသည်။ ၎င်းတို့သည် ဗြိတိသျှသမိုင်းနှင့် ယဉ်ကျေးမှုကိုလည်း မိတ်ဆက်ပေးသည်။

လူငယ်စာဖတ်သူများအတွက် The Old Man and the Sea၊ The Grapes of Wrath နှင့် Invisible Man ကဲ့သို့သော အမေရိကန်ဂန္ထဝင်ဝတ္ထုများသည် ဇာတ်လမ်းများထက်ပို၍ ဘဝသင်ခန်းစာများကို ပေးစွမ်းသည်။ ဤဝတ္ထုများသည် ဇွဲ၊ ရဲစွမ်းသတ္တိ၊ ကိုယ်ပိုင်လက္ခဏာ၊ တရားမျှတမှုနှင့် တာဝန်ယူမှုကို သင်ကြားပေးသည်။ အစွမ်းထက်သော ဇာတ်ကောင်များနှင့် အဓိပ္ပာယ်ရှိသော ရုန်းကန်မှုများမှတစ်ဆင့် လူငယ်များသည် စိန်ခေါ်မှုများကို ရင်ဆိုင်နည်း၊ လူ့အဖွဲ့အစည်းကို နားလည်နည်းနှင့် ခိုင်မာသော ကိုယ်ကျင့်တရားတန်ဖိုးများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နည်းတို့ကို သင်ယူနိုင်ပြီး ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် ကြွယ်ဝသော စာပေအတွေ့အကြုံများကို ခံစားနိုင်သည်။

သို့ဖြစ်ရာ ဘာသာပြန်ထားသော အမေရိကန်ဂန္ထဝင်စာအုပ်များကို ဖတ်ရှုခြင်းက လူငယ်များ၏ ကမ္ဘာ့အမြင်ကို ကျယ်ပြန့်စေပြီး ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို အားကောင်းစေသည်။ စိတ်ခံစားမှုဆိုင်ရာ ရင့်ကျက်မှုကို တည်ဆောက်ပေးသည်။ နက်ရှိုင်းစွာစဉ်းစားရန်နှင့် သူတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် တခြားသူများ၏ ယဉ်ကျေးမှုကို တန်ဖိုးထားရန် အားပေးသည်။ အထူးသဖြင့် လူငယ်များအတွက် ယင်းစာအုပ်များက စာပေသက်သက်မဟုတ်ဘဲ ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုနှင့် အနာဂတ်ခေါင်းဆောင်မှုအတွက် လမ်းညွှန်ချက်များဖြစ်သည်။ ။

### ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ

အလွန်ပူပြင်းလှတဲ့တစ်နေ့၊ လူညှက်လေးတစ်ယောက်ဟာ ကော်ဖီဆိုင်ထဲ ဝင်လာတယ်။ သူ့ရဲ့ သတင်းစာကို စားပွဲပေါ် တင်ထားခဲ့ပြီး သူ့အတွက် အစားအစာကို သွားမှာပါတယ်။ သူပြန်လာတော့ သူ့ထိုင်ခုံမှာ ကီလိုဂရမ် ၁၀၀ အနည်းဆုံး ကိုယ်အလေးချိန်ရှိ ခက်ထန်ကြီးမားတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။

"ခွင့်ပြုပါခင်ဗျာ၊ အဲဒါ ကျွန်တော့်စားပွဲမို့ပါ"

"ဩော်… ဟုတ်လား သက်သေပြစမ်းပါဦးလေ"လို့ ကြီးမားတဲ့လူကြီးက ဟောက်ပြောလိုက်တယ်။

"ကောင်းပြီလေ ခင်ဗျားဟာ ကျွန်တော့်ရဲ့ ရေခဲမုန့်ပေါ်မှာ ထိုင်နေတယ်ဆိုပါတော့ဗျာ" လို့ လူညှက်ကလေးက ပြန်ပြောလိုက်ပါတယ်။






မီမီရဲ့ တကျွိကျွိမြည်တဲ့ ရှူးဖိနပ်အသစ်ဟာ စာကြည့်တိုက် မှူးကို စိတ်ဆိုးအောင် ဆွပေးလိုက်သလို ဖြစ်သွားရတယ်။

"ငြိမ်ပါ"ဆိုတဲ့ ဆိုင်းဘုတ်ကို ဖြတ်သွားတော့ မီမီဟာ ခြေဖျားထောက်သွားလိုက်တော့မှ စာကြည့်တိုက်မှူးက အော်တော့တယ်။

"ငြိမ်… ငြိမ်… ငြိမ်ငြိမ်နေဟဲ့"တဲ့။

"ကြီးမားတဲ့ နာရီလက်တံကြီးက သေးငယ်တဲ့ လက်တံကို ဘာပြောလိုက်သလဲ"

"ငါ တစ်နာရီအတွင်း ပြန်လာမယ်တဲ့"



## ပေါက်ခေါင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

ပေါက်ခေါင်း မတ် ၂၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် နိုင်ငံ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်၌ မတ် ၂၄ ရက် နံနက်ပိုင်းမှစ၍ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်မျိုးမြတ် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန် တိုင်းပေးခြင်း၊ ECG စက်ဖြင့် နှလုံးခုန်နှုန်းစစ်ဆေးပေးခြင်း၊ ရောဂါရှာဖွေပေးခြင်း၊ အထွေထွေရောဂါများ စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် စနစ်တကျကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ရောဂါတွေ့ရှိမှုအပေါ် ဆေးဝါးများကို တစ်လစာ အခမဲ့ပေးခဲ့ကြောင်း သိရသည်။ ဖုန်းကျော်ဇင်(ပြန်/ဆက်)



## အာဆင်နယ်အသင်း တိုက်စစ်ကစားသမား အက်ဇီ ဒဏ်ရာကြောင့် တစ်လကြာအနားယူရမည်



အာဆင်နယ်အသင်းရဲ့ ကွင်းလယ်တိုက်စစ်ကစားသမား အက်ဇီဟာ ဒဏ်ရာပြဿနာကြောင့် တစ်လကြာအနားယူရမှာဖြစ်ပါတယ်။

အသက် (၂၇) နှစ်အရွယ် အက်ဇီဟာ ပြီးခဲ့တဲ့ သီတင်းပတ်က အာဆင်နယ်အသင်းက လေဗာကူဆင်အသင်းကို အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ခြေသလုံးဒဏ်ရာရရှိခဲ့တာကြောင့် မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ကာရာဘောင်ဖလားပွဲစဉ်မှာ လွဲချော်ခဲ့တာဖြစ်ပါတယ်။

လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရ အက်ဇီဟာ ရက်သတ္တလေးပတ်မှ ခြောက်ပတ်အထိ အနားယူရဖို့ရှိတယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းမှာ အက်ဇီဒဏ်ရာကြောင့်လွဲချော်ခဲ့ရတဲ့အပြင် ကွင်းလယ်ကစားသမားအိုဒီဂတ်ဟာလည်း ဒဏ်ရာပြဿနာနဲ့ ကြုံနေရတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အိုဒီဂတ်ကတော့ နော်ဝေအသင်းရဲ့ နိုင်ငံတကာပွဲစဉ်မှာ ဒူးဒဏ်ရာရရှိခဲ့တာကြောင့် တစ်လကြာအနားယူခဲ့ရတာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ လာမယ့် ဧပြီ ၄ ရက်မှာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ်

○ အာရှဖလားမှ

မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းသည် ပထမ အကျော့တွေ့ဆုံမှုတွင် မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ လေးပွဲစီ ကစားအပြီးတွင် မြန်မာအသင်းက ခြောက်မှတ်၊ အာဖဂန်နစ္စတန် အသင်းက နှစ်မှတ်ရရှိထားသည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - စိုးညွန့်သော်

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**အလိမ္မာ စာမှာရှိ**

### မွေးသက္ကရာဇ်အမှန်

နှစ်ကရင်ကျေးရွာတောင်ပိုင်း၊ အကွက်(၁၁)နေ (အဖ)ဦးတင်ရွှေ [၁၀/ရမန(နိုင်)၀၇၈၇၈၄] (အမိ) ဒေါ်ငွေသိန်း တို့၏သား မောင်လမင်းသူ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၂-၂၀၀၅ ဖြစ်ပါကြောင်း။

**မောင်လမင်းသူ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၈)၊ ဦးပိုင်အမှတ်(၆၇)၊ ၂၂x၂၆ ကြား၊ ၅၈x၆၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ မိခင် ဒေါ်ကြွယ်ကြွယ် [၉/မနတ(နိုင်) ၀၆၇၁၅၈]မှ သမီးဖြစ်သူ ဒေါ်မာမာဦးအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ(၁၆)လမ်း၊ အမှတ်-၇၀၄/ခ တွင်နေထိုင်သူ မဆုဝတ်ရည်ပို နှင့် မောင်အာကာဘုန်းမြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးဗလနီဝေ ဖြစ်ပါကြောင်း။

**ဦးဗလနီဝေ**
**[၇/ဝမန(နိုင်)၀၀၀၂၃၈]**

### မွေးသက္ကရာဇ်အမှန်

MSM(မော်လမြိုင်)ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade(12) တွင် ပညာသင်ကြားနေသော ဦးပြည်စိုး [၁၀/ပမန(နိုင်)၁၁၂၃၈]၊ ဒေါ်လဲ့လဲ့ဖြိုး တို့၏သမီး မခင်မွေးကြူ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၂-၂၀၀၉ ဖြစ်ပါကြောင်း။

**မခင်မွေးကြူ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၆)၊ ဦးပိုင်အမှတ်(၇၆)၊ ၅၈လမ်းနှင့် ၁၂ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝမ်မြန်ကျောက်[၁၃/ကခန (နိုင်) ၀၁၃၂၆၇]က အမှုတွဲအမှတ်(၅၉၁၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့(၈)လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ဦးမြင့်သိန်း(NBN-၀၁၂၇၈၃)အမည်ဖြင့် ချထားပေးသော၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၄၃၄)၊ မြေကွက်အကျယ် အလျား(၄၀')xအနံ(၆၀') မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူဖြစ်သော ဦးဖြိုးမင်းသူ (ဘ)ဦးဝင်းမော် [၁၄/မအန(နိုင်)၁၆၅၅၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ခင်သက်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မဥ္ဇူအေးသိန်း (LL.B)** **ဒေါ်ဝင်းမာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၅၇)** **အထက်တန်းရှေ့နေ(စဉ်-၅၇၀၂၁)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**ဖုန်း-၀၉-၅၀၄၁၄၈၃၊ ၀၉-၄၃၀၂၃၃၂၁**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၂)လမ်း၊ တိုက်အမှတ်(၄၄၁)၊ ပထမထပ်၊ (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (အလျား၁၈ x အနံ၅၅)ပေရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ငွေကြည်(TCA-၀၅၂၈၇၅)အမည်ဖြင့်မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ဝင်းလဲ့ဖြူ [၁၂/ဥကတ(နိုင်)၁၆၃၇၁၉]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆက်မွန်အိ [၁၂/စခန(နိုင်)၀၆၀၉၄၀]မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)(၉-၂-၂၀၂၂)**
**အမှတ်(၆၅၆/ခ)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

### ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်-တောင်ပိုင်းခရိုင်)၊ ယခု-တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ၂၂-၃-၂၀၂၀ ခုနှစ်ထုတ်ပေးသော ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA-3) အကွက်အမှတ် (တ-၀၂)၊ ကွင်းအမှတ် (၀၃)

၁။ ယာယီမြေပေးမိန့်အမှတ် (၁၅၇၀)၊ မြေကွက်အမှတ် (၁၅၅၂)၊ အကျယ်အဝန်း (၄၀ ပေx၆၀ ပေ)ရှိ မြေကွက်၊

၂။ ယာယီမြေပေးမိန့်အမှတ် (၁၅၇၁)၊ မြေကွက်အမှတ် (၁၅၅၃)၊ အကျယ်အဝန်း (၄၀ ပေx၆၀ ပေ)ရှိ မြေကွက်

၃။ ယာယီမြေပေးမိန့်အမှတ် (၁၅၈၂)၊ မြေကွက်အမှတ် (၁၅၆၄) အကျယ်အဝန်း (၄၀ ပေx၆၀ ပေ)ရှိ မြေကွက်

အထက်ဖော်ပြပါ မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတရားဝင်အမည်ပေါက်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးစောဝင်း[၁၂/တတန(နိုင်)၀၈၁၅၉၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်(၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၄၂၂၉၆**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅ကံဘဲ့)၊ မြစံပယ်လမ်း၊ မြေကွက်အမှတ်(၄၈/က-၇)၊ အကျယ်အဝန်း ဧရိယာ(၀.၃၃၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး မိမိတစ်ဦးတည်းဆန္ဒဖြင့် မည်သူ့ကိုမဆို ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသူ ဒေါ်နှင်းအေးငြိမ်း[၁၁/ပတန(နိုင်)၀၅၂၀၆၄]က ဂရန်မူရင်း၊ စာရွက်စာတမ်းမူရင်းများကိုပြသပြီး ရောင်းချရန်ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေများပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးစိုးမင်းသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium ၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၇)၊ ဦးပိုင်အမှတ်(၃၂)၊ ၁၂၄x၁၂၅ကြား၊ ၄၈x၄၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခိုင်အောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ညိုညိုဝင်း[၉/ပဥလ(နိုင်)၀၄၁၉၁၆]က အမှုတွဲအမှတ်(၅၉၁၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုးတိုးတက်စေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လို...
❖ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လို...
❖ သို့မှသာ မိမိတို့နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတစ်ဝန်း၌ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေး ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၂၅

၂၀၂၆ ခုနှစ် (၁၃၈၇ ခုနှစ်) သင်္ကြန်တွင် နိုင်ငံတစ်ဝန်း၌ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အလှပြယာဉ်များ၊ ရေပက်ခံကားများဖြင့် ရေပက်ကစားခြင်းကို မပြုလုပ်ကြရန် စီမံထားရှိကြောင်း၊ ယိမ်းအကအဖွဲ့များ ကပြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ လူကြီးသူမများအား ခေါင်းလျှော်၊ လက်သည်းညှပ်ပေးခြင်း၊ ဆေးဝါးများ လှူဒါန်းခြင်း၊ ငါးလွှတ်ခြင်း စသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရမပျက် အလှူဒါနပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်အနေဖြင့် လမ်းလျှောက်သင်္ကြန်ပွဲတော်များကို နေပြည်တော်ရင်ပြင်၊ ပျဉ်းမနားမြို့ ရှမ်းကန်ပတ်လည်၊ တပ်ကုန်းနှင့် လယ်ဝေးမြို့တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြည်သူ့ရင်ပြင်၊ ဦးဝိစာရအဝိုင်းမှ အလုံလမ်းတစ်လျှောက်၊ မြို့တော်ခန်းမရှေ့နှင့် ခရိုင် / မြို့နယ်များတွင် လည်းကောင်း၊ မန္တလေးမြို့တွင် နန်းမြို့ကျုံးပတ်ပတ်လည်၊ မိတ္ထီလာကန်ပတ်လည်နှင့် **စာမျက်နှာ ၇ ကော်လံ ၄ သို့** ❂

## ယနေ့ ဖတ်စရာ


အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)က နိုင်ငံတကာခရီးစဉ်များအတွက် ခရီးဆောင်အိတ်သယ်ယူခွင့်များကို ယခင်အတိုင်း ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ပြည်တွင်းခရီးစဉ်များကိုလည်း ပြန်လည်ပြေးဆွဲပေးနေ စာမျက်နှာ » ၁၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နန်းလုံကျေးရွာနှင့် ကျည်စုကျေးရွာကြား၌ ငွေကျပ် သုံးဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ စာမျက်နှာ » ၁၄

စက်မှုဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု ဆောင်းပါး စာမျက်နှာ » ၁၅

လူငယ်များ ဖတ်ရှုလေ့လာသင့်သော ဘာသာပြန်စာပေ စာမျက်နှာ » ၂၁





# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ ဘက်ထရီလျှပ်စစ်စက်ခေါင်းများဖြင့် မြို့ပတ်ရထားများ စတင်ပြေးဆွဲ

ရန်ကုန် မတ် ၂၅

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သည့် ဘက်ထရီလျှပ်စစ်စက်ခေါင်း(Battery Electric Locomotive–BEL)များဖြင့် ရန်ကုန်မြို့ပတ်ရထားများတွင် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံ၌ ကျင်းပသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒



# အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အာဖဂန်နစ္စတန်နှင့် မြန်မာ ယနေ့ကစားမည်

ရန်ကုန် မတ် ၂၅

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲအဖြစ် အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းသည် မတ် ၂၆ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်နှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဝေးကွင်းကစားရမည်ဖြစ်သည်။ သို့သော် အာဖဂန်နစ္စတန်အသင်းသည် အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိသလို မြန်မာအသင်းနှင့် ကစားမည့်ပွဲကို ကာတာနိုင်ငံ၌ကစားရန် စီစဉ်ထားသော်လည်း အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ဖြစ်ပေါ်နေသည့်အခြေအနေများကြောင့် မြန်မာနိုင်ငံတွင်သာ ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်နေပြီး ပဏ္ဍာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေကာ အာဖဂန်နစ္စတန်အသင်းမှာမူ မြန်မာအသင်းနှင့်ပွဲမတိုင်မီ နည်းပြချုပ် ပြောင်းလဲထားခြင်းဖြစ်သည်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❍

မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်စဉ်။